# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၃)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ ၅-၇-၂၀၂၄၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



## နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၄

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


ပန်းမုန်လာစိမ်းထဲ၌ ကင်ဆာတိုက်ဖျက်ရေးပီဇရုပ်တွေ့ရှိ

စာမျက်နှာ ၇

အနာဂတ်ပန်းတို့ လန်းရာမြေ(ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၅ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

# လူငယ်နှင့် ကိုယ်ကျင့်တရား

ကိုယ်ကျင့်တရားဟူသည် ကိုယ်၊ နှုတ်စောင့်စည်းထိန်းသိမ်းမှုပင်ဖြစ်သည်။ မိမိလုပ်သောအလုပ် မိမိပြောသောစကား။ မိမိတွေးသောအတွေးအကြံမှန်သမျှသည် ရိုးသားဖြောင့်မတ်ရမည်ဖြစ်သည်။ သူတစ်ပါးအပေါ် နစ်နာမည့် အလုပ်အကိုင်၊ အပြောအဆို၊ အတွေးအကြံတို့ကို ရှောင်ကြဉ်ရမည်လည်းဖြစ်သည်။ မကောင်းမှုပြုရမည်ကို ရှက်တတ်၊ ကြောက်တတ်ရမည်ဖြစ်သည်။ သို့မှသာကိုယ့်ကျင့်တရားကောင်းသူဖြစ်လာမည်ဖြစ်သည်။ ချမ်းသာသူတို့၏ အရင်းအနှီးက ဥစ္စာ၊ ဆင်းရဲသူတို့၏ အရင်းအနှီးက ကိုယ့်ကျင့်တရားဟု ရှေးပညာရှိတို့က ဆိုမိန့်ခဲ့ဖူးသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟူသောစကားရှိပြီး အစကောင်းမှ အနှောင်းသေချာဟူသော စကားလည်းရှိပါသည်။ ပစ္စုပ္ပန်သည် အနာဂတ်အတွက် အုတ်မြစ်ဖြစ်သကဲ့သို့ လူငယ်များသည် နောင်တခေတ်၏ ကောင်းကျိုးအတွက် အခြေခံအင်အားများဖြစ်သည်။ လူငယ်လူရွယ်ကျောင်းသားဘဝအစမှ ရင့်ကျက်တည်ငြိမ်သော ကိုယ်ကျင့်တရားကောင်းမွန်သော သူများဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် ယဉ်ကျေးလိမ္မာခြင်းဆိုသည်မှာ လူသားတိုင်းအတွက် ဂုဏ်ရည်ဖြစ်သည်။ ယဉ်ကျေးခြင်းသည် ကိုယ်စိတ်နှလုံး၊ အမူအရာယဉ်ကျေးသိမ်မွေ့ခြင်းလည်းဖြစ်သည်။ လိမ္မာခြင်းဆိုသည်မှာ အမှား၊ အမှန်အကျိုးအပြစ်ဆင်ခြင်ပြီး အမှန်ကိုပြုမူကြံစည်ကာ အကျိုးဖြစ်ထွန်းစေခြင်းဖြစ်သည်။ ထို့ကြောင့် လူသားဂုဏ်ရည်မြင့်မားအောင် ယဉ်ကျေးလိမ္မာခြင်းကို ကျင့်ကြံပျိုးထောင်ပိုင်ဆိုင်သင့်လှသည်။ မိဘဆရာလူကြီးသူမများ၏ ဆုံးမသွန်သင်မှုသည် မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးလိမ္မာခြင်း အုတ်မြစ်ဖြစ်သည်။ လက်ဦးဆရာဖြစ်သော မိဘများက သားသမီးတို့၏ နေထိုင်စားသောက်မှုနှင့် ယဉ်ကျေးလိမ္မာလာအောင် ညွှန်ပြရမည်ဖြစ်သည်။ မိဘများက နုနယ်သောနှလုံးသားပိုင်ရှင်ကလေးဘဝကပင် ပုံပြင်ဇာတ်တော်များ ဟောပြောကာ ရသခံစားမှုမှတစ်ဆင့် စိတ်နှလုံးယဉ်ကျေးအောင်လည်း သွန်သင်ဆုံးမရမည်ဖြစ်သည်။ မိဘရင်ခွင်မှ ပညာရင်ခွင်သို့ ပို့ဆောင်ရသောအရွယ်တွင် ဆရာတို့က ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမရမည်ဖြစ်သည်။

ထို့အပြင် စာအုပ်ကောင်းများဖတ်ခြင်းကလည်း ယဉ်ကျေးလိမ္မာလာအောင် သွန်သင်ဆုံးမမှုနှင့်တူသည်။ ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်ကို ဖတ်ရသောအခါ လူငယ်ဘဝတစ်လျှောက် ဖြစ်တတ်ပျက်တတ်ပုံ၊ လူ့သဘာဝ၊ လောကသဘာဝများကို မှတ်သားဆင်ခြင်နိုင်မည်ဖြစ်သည်။

အမျိုးသားပညာဝန် ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ ဖတ်ရသောအခါ လူငယ်များအတွက် အဖိုးထိုက်တန်သော ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှုရှိသင့်ပုံတို့ကို သင်ခန်းစာအဖြစ်ရရှိမည်ဖြစ်သည်။ ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးမှာ ကြီးမားလှသည်။ "တစ်ယောက်စကား တစ်ယောက်နားမှာ၊ မခါးရအောင်၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ"ဟူသောရှင်မဟာရဋ္ဌသာရ၏ ဆိုဆုံးမစကားအတိုင်း ယဉ်ကျေးစွာဆက်ဆံလျှင် လူချစ်လူခင်ပေါများပြီး ဆက်သွယ်ဆောင်ရွက်သမျှ ကိစ္စအဝဝအောင်မြင်မည်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် အတူ နှုတ်ခွန်းချိုသာရန်လည်း လိုအပ်မည်ဖြစ်သည်။ နှုတ်ခွန်းချိုသာမှုကို လူတိုင်းနှစ်သက်ကြပြီး သာယာမှုကိုလည်း နှစ်သက်ကြသည်။

သို့ဖြစ်ရာ ကိုယ်ကျင့်တရားဟူသည် လူသားတိုင်းအတွက် ဘဝတန်ဖိုးမှတ်ကျောက်ဖြစ်သည်။ လူငယ်လူရွယ် ကျောင်းသားဘဝကိုယ်ကျင့်တရားကောင်းအောင် နေထိုင်ကျင့်ကြံပြီး မိမိကိုယ်ကို မိမိပြုစုပျိုးထောင်ယူရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ဆောင်ရွက်



**အမရပူရ ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက် ၈နာရီက အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်ဆောင်ရွက်ပေးခြင်းကို မြို့နယ်လဝကမှူး ဒေါ်ခင်ခင်စန်း ဦးဆောင်သောအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိပြီး ရွှေကြက်ယက် အခြေခံပညာ အထက်တန်းကျောင်းသို့ ပန်းခင်းစီမံချက် ၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ အကျုံးဝင်သောကျောင်းသား ၂၂၇ဦး၊ ကျောင်းသူ ၂၈၃ ဦး စုစုပေါင်း (၅၁၀)ဦးတို့အား ဆောင်ရွက်ပေးလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။

**စိုးသီဟ(အမရ)**

## ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး)ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစား

**မန္တလေး ဇူလိုင် ၄**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး)ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက် ၈နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည်။

အမျိုးသားပြိုင်ပွဲ အဖွင့်ပွဲစဉ်များတွင် ညွှန့်ပေါင်း(၁)အသင်းက ဓာတုဗေဒအသင်းကို (၅၉)မှတ် (၃၄)မှတ်ဖြင့်လည်းကောင်း၊ ဥပဒေအသင်းက သတ္တဗေဒအသင်းကို (၄၆)မှတ် (၁၅)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ညွှန့်ပေါင်းအသင်းက သင်္ချာအသင်းကို(၂၁)မှတ် (၂၀)မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။



အဆိုပါ ဘတ်စကက်ဘောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား အားကစားနှင့်ကာယပညာဦးစီးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်း၊ ဘတ်စကက်ဘောပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်မျိုးသန့်နှင့် ကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

အုပ်စုပွဲစဉ်များတွင် ဘာသာရပ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၆သင်းနှင့် အမျိုးသမီးအသင်း ၃သင်းတို့က ဇူလိုင် ၄ရက်မှ ၈ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)
(၀၈၂)

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇူလိုင် ၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးတက်စေရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး စာပေဗဟုသုတလေ့လာဖတ်ရှုလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်/စာစောင်ပြပွဲကို အမှတ်(၂၄) မူလတန်းလွန်ကျောင်း၊ နှင်းသစ္စာခန်းမတွင် ယနေ့ နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး၊ ဒေါ်ခင်ခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

အခမ်းအနားသို့ အမှတ်(၂၄) မူလွန်ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)
(ချမ်းမြေ့)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းမှုရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



## စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ်မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်ရေးကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# သံအမတ်ကြီး ဦးကျော်စိုးမိုး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၄

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးမိုးသည် ၎င်း၏ခန့်အပ်လွှာကို ယနေ့တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ရှာဟာဘူဒင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်




MANDALAY

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းများဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ ကြိုဆိုမိတ်ဆက် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၄

စတုတ္ထအကြိမ်မြောက် တရုတ်နိုင်ငံ ရှီကျန်းဒေသ၌ ကျင်းပသည့် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (4th China Xizang Trans-Himalaya Forum for International Cooperation) သို့ တက်ရောက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီမြို့နှင့် လူလန်မြို့သို့ ရောက်ရှိရာ ညင်ချီမြို့ Chinese People's Political Consultative Conference (CPPCC) ၏ Vice President Mr. Zhu Zhenghui က ကြိုဆိုနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်တက်ရောက်လာသော နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်များနှင့် ရေခဲမြစ်များကြား အမြင့်မီတာ ၃၇၀၀ တွင် ကျယ်ပြန့်စွာ တည်ရှိနေသော တိဗက်ရိုးရာ ကုန်းမြေမြင့် တောင်ပေါ်မြက်ခင်းနှင့် စားကျက်မြေများထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ ဒေသခံ တိဗက်တိုင်းရင်းသားများ၏ လူနေမှုဘဝနှင့် ရိုးရာယဉ်ကျေးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူလန်မြို့၌ကျင်းပသော ဖိုရမ်ကြိုဆိုမိတ်ဆက် ညစာစားပွဲအခမ်းအနားသို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။

အခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရေးမှူး Mr. Wang Junzheng နှင့် Vice President Mr. Zhu Zhenghui တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး တက်ရောက်လာသော နိုင်ငံများမှ ကိုယ်စားလှယ်များက ချစ်ကြည်ရင်းနှီးစွာ မိတ်ဆက်နှုတ်ဆက်ကြသည်။

ဇူလိုင် ၂ ရက်က ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာမြို့သို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Ms. Nie Xunli က လာဆာဂွန်ဂါလေဆိပ်၌ လာရောက်ကြိုဆိုတွေ့ဆုံပြီး နှစ်နိုင်ငံအကြား သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာဆာမြို့ လေဟာပြင်ကဇာတ်ရုံသို့ သွားရောက်၍ တိဗက်ရိုးရာယဉ်ကျေးမှု Princess Wencheng Opera ကို ကြည့်ရှုအားပေးခဲ့သည်။

သတင်းစဉ်

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကံမ ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ၂၀၂၄ခုနှစ် ဇူလိုင် ၃ရက်က ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက်စနာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ(ခြောက်ပင်)၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းငွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနတို့က စိုက်ပျိုးမည့်ပျိုးပင်များအား ပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အသီးသီးတို့က လက်ခံရယူခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ အရိပ်ရအပင် တမာ(၂၀၀)ပင်၊ ကျွန်း(၅၀)ပင်၊ ပျဉ်းကတိုး(၅၀)ပင်၊ ပိတောက်(၅၀)ပင်၊ ခရေ(၅၀)ပင်၊ စုစုပေါင်း (၄၀၀)ပင်တို့ကို အခြေခံပညာအထက်တန်းကျောင်းခွဲ (ခြောက်ပင်)၏ ကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr.Sajjad Mohammad Sajid နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည်ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲ (Head of Office) Mr.Sajjad Mohammad Sajid နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းအစီအစဉ်များ၊ UNOCHA နှင့် ဝန်ကြီးဌာနများအကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ UNOCHA ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ






## အသက် (၁၈)နှစ်နှင့်အထက်(စတုတ္ထအကြိမ်) စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**စဉ့်ကိုင် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ (အသက် (၁၈)နှစ်နှင့်အထက် စတုတ္ထအကြိမ်မှုကြမ်း) စာရင်းစစ်ဆေးခြင်းနှင့် ကွန်ပျူတာဖြင့် စာရင်းများ ထည့်သွင်းခြင်းလုပ်ငန်းများ မှားယွင်းမှုမရှိစေရေး၊ တိကျမှန်ကန်စေရေးတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စဉ့်ကိုင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ ပူးပေါင်းပြီး ဇူလိုင် ၄ ရက်မှစတင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးညဏ်စိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(၃၉၉)**



ပန်းမန်သစ်ပင်
လေသန့်စင်၍
ဥယျာဉ်တောတန်း
စိတ်ရှင်လန်း၏။

## အောင်လံမြို့၌ ဧရာဝတီမြစ်ကမ်းနံဘေးရှိ နေအိမ်များသို့ ရေဘေးနှင့် မြေပြိုဘေး ကြိုတင်ကာကွယ်ရေး စုပေါင်းနှိုးဆော်

**အောင်လံ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဧရာဝတီမြစ်ကမ်းနံဘေးရှိ နေအိမ်များသို့ ရေဘေးနှင့်မြေပြိုဘေးကြိုတင်ကာကွယ်နိုင်ရေးကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက စုပေါင်းလိုက်လံနှိုးဆော်ခဲ့ကြသည်။

အဆိုပါ နှိုးဆော်မှုတွင် ဧရာဝတီမြစ်ကမ်းနံဘေးရှိ ပြည်သူများသိရှိလိုက်နာဆောင်ရွက်စေရန် ရေဘေးနှင့်မြေပြိုဘေးအန္တရာယ်တို့ ဖြစ်ပေါ်လာပါက ကြိုတင်သတိပြုကာကွယ်နိုင်စေရန်၊ သတိပြုရှောင်ရှားသင့်သည့် အပြုအမူများကို သိရှိစေရန်တို့ကို အသိပညာပေးချက်များကို စုပေါင်းလှည့်လည်နှိုးဆော်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**

## ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက တောင်မြင့်ရပ်ကွက် အခြေခံပညာရေးကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်က သန်းခေါင်စာရင်းဆိုတာ လူဦးရေဆိုင်ရာအကြောင်းအရာ၊စီးပွားရေး၊လူမှုရေးအကြောင်းအရာများကို တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း တစ်ပြိုင်တည်း ကောက်ယူသော လုပ်ငန်းဖြစ်ကြောင်း၊သန်းခေါင်စာရင်းကောက်ယူရခြင်းမှာ မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ရရှိရန်နှင့်လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန် ရည်ရွယ်ပါကြောင်း ဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို သန်းခေါင်စာရင်းကော်မတီဝင်များက တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ခရိုင်ပြန်/ဆက်**



# 'ဝါ' မဝင်ခင်မှာ မင်္ဂလာဆောင်ကြစေဖို့ရာ

မန်းမြေမှ ပန်းသပြေ

'ဝါဆို'မရောက်သေးခင်ကတည်းကပင် မင်္ဂလာဆောင်ကြမည်။

လောက၏သဘာဝအရ 'ဝါ'မခင်မှာ အရွယ်ရောက်ကြသူ လူငယ်အမျိုးသား၊ အမျိုးသမီးများသည် နှစ်ဦးနှစ်ဖက် ဂဟေဆက်၍ ပေါင်းဖက်ကြသည်။ တစ်မိသားနှင့် တစ်မိသား နှလုံးသား နှစ်ခု ပေါင်းစပ်မှုပြု၍ နှလုံးသားအရေးနွေးထွေးလာကြသဖြင့် တစ်ဆင့်တက်လှမ်း တစ်စခန်းထကာ မင်္ဂလာအမှု အိမ်ထောင်ပြုကြသည်။ ဘဝအခက်အခဲ လက်တွဲ၍ ဖြေရှင်းကြသည်။ မင်္ဂလာဆောင်ကြသည်။ လောကဓမ္မတာ အစဉ်အလာတစ်ရပ်မို့ အံ့သြစရာတော့ မဟုတ်ပေ။ သို့သော် ထို့ထက်မက အချိန်တန်အရွယ်ရောက် လူလားမြောက်လာကြသူ လောကီလူသားမှန်သမျှ အသိဉာဏ်ပညာဗဟုသုတနှင့် ဆင်ခြင်တုံတရားများ တဖြည်းဖြည်း မြင့်မားလာကြသည့်အပေါ်အခြေခံ၍ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ပျိုပျိုအိုအို မည်သူမဆို ကောင်းမြတ်မှန်ကန်သော မင်္ဂလာတရား အစစ်အမှန်များကို လက်ကိုင်ထားကာ လူသားကမ္ဘာ လှပလာအောင် မင်္ဂလာရှိစွာ စွမ်းဆောင်ကြဖို့၊ ယခု ဝါဆိုမတိုင်မီကပင်လူတို့၏ ကျင့်ဝတ်တရား မင်္ဂလာများကိုဆောင်၍ နေထိုင်ကြဖို့ အထူးပင် လိုအပ်လှပေသည်။

ထိုကဲ့သို့ ကိုယ်ကျင့်တရားမင်္ဂလာများကိုဆောင်၍ အမြဲမသွေနေထိုင်သင့်ကြောင်းကိုလည်း ဗုဒ္ဓရှင်တော်က ဟောကြားဆုံးမမိန့်ဟခဲ့ပြီးဖြစ်ပါသည်။ သို့ပင်မက လူနတ်ဗြဟ္မာ၊ သတ္တဝါမှန်သမျှ နေ့စဉ်နေ့တိုင်း မင်္ဂလာတရား ၃၈ပါးနှင့်အညီ နေထိုင်မည်ဆိုလျှင် ဒုက္ခငြိမ်းရာ အမတဓာတ် နိဗ္ဗာန်မြတ်ကို ဆိုက်ကပ်နိုင်မည့်အကြောင်း ဟောကြားခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင် မပွင့်ပေါ်သေးခင်ကာလ လူနတ်ဗြဟ္မာသတ္တဝါတို့သည် မိမိစိတ်ဘဝင်နှင့်ဟပ်စပ်တိုက်ဆိုင်ရာ ကောင်းမြတ်သည်ဟု ထင်မြင်ယူဆသည်များကို မင်္ဂလာဟုမှတ်ယူခဲ့ကြသည်။ စိတ်ထင်ရာ မြင်ရာ မင်္ဂလာဟု မှတ်ထင်ခဲ့ကြသည်မှာ တစ်ဆယ့်နှစ်နှစ်ပင်ကြာမြင့်ခဲ့သည်။ လူရော၊ နတ်ပါ၊ဗြဟ္မာမကြွင်း မည်သူတစ်ဦးတစ်ယောက်မှ မင်္ဂလာတရားကို လောက်လောက်လားလား မခွဲခြားနိုင်ခဲ့။ ဗုဒ္ဓရှင်တော် ပွင့်ပေါ်တော်မူပြီး ထင်ရာ မြင်ရာ မင်္ဂလာဟုယူဆနေကြသည့် မင်္ဂလာအတုများကို တွန်းလှန်ဖယ်ရှား မင်္ဂလာတရား အစစ်အမှန်များကို လမ်းညွှန်ပြသတော်မူခဲ့ပေသည်။

**'မင်္ဂလံ ပါပံ လုနာတိ ဆိန္ဒတီတိမင်္ဂလံ'**ဟု ဆိုထားပေရာ မင်္ဂလာသည် မကောင်းမှုမှန်သမျှတွေကို ဖြတ်တောက်ရှင်းလင်းပယ်ဖျောက်တတ်သော သဘောလက္ခဏာရှိပါသည်။ ထို့ကြောင့် လူသားတိုင်း၊ သတ္တဝါတိုင်းသည် မြတ်ဗုဒ္ဓညွှန်ပြထားသည့် ၃၈ ဖြာမင်္ဂလာနှင့်အညီ မင်္ဂလာရှိအောင်နေမည်ဆိုပါလျှင်၊ မင်္ဂလာဆောင်၍ နေမည်ဆိုပါလျှင် မကောင်းမှု အကုသိုလ်ဒုစရိုက် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းနေပြီးဖြစ်သဖြင့် ကောင်းမြတ်သော ကုသိုလ်တရားပွားတိုးဖို့သာ အကြောင်းရှိပါတော့သည်။ လူတို့ ဆောင်ကြသော မင်္ဂလာကြောင့် မကောင်းသော အကုသိုလ်ဒုစရိုက် အမှိုက်သရိုက်တို့ လောင်မြိုက်ကင်းစင်၍ ကုသိုလ်သုစရိုက် သဘောခြိုက်စရာများနှင့် လူ့ဘောင်လောကလူ့ဌာနကြီး သာယာလှပအေးချမ်းနေမည်မှာ အမှန်ပါ။

ထို့ကြောင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ကောင်းအောင်ပြုတာ 'မင်္ဂလာ'ပါ။ အကုသိုလ်တရား အမှိုက်သရိုက် အညစ်အကြေးများကို မိမိခန္ဓာကိုယ်မှ အထူးသတိထားဖယ်ရှားပြီး ကုသိုလ်တရားများဖြစ်ပွားတည်ရှိနိုင်သည့် မင်္ဂလာတရားများကို ဆောင်ထားကြခြင်းသည် မင်္ဂလာနှင့်ညီသဖြင့် မင်္ဂလာဆောင်ခြင်းပါ။ ထိုကဲ့သို့ မင်္ဂလာမြောက်အောင်နေမည်၊ မင်္ဂလာကို ကျင့်ဆောင်ထားမည်ဆိုပါလျှင် ရရှိလာမည့် ကောင်းကျိုးတရားများ ဖြစ်ပွားကြီးထွားလာမည်မှာ အမှန်ပါ။ **'မင်္ဂလံ နာမံ ဣဒ္ဓိ ကာရဏံ ဝုဍ္ဎိ ကာရဏံ၊သဗ္ဗသမ္ပတ္တိ ကာရဏံ'**ဟု ဆိုထားပေရာ မင်္ဂလာမြောက်အောင် ကျင့်ဆောင်နေထိုင်သူသည် ဘုန်းတန်ခိုး တေဇကြီးကျယ်မြင့်မားလာမည်။ စီးပွားဥစ္စာရာထူးအာဏာ တိုးတက်ကြီးထွားမည်။ အလုံးစုံသော လောကီအစီးအပွားတွေသာမက လောကုတ္တရာအကျိုးများပါ ရရှိခံစားရမည်ဟုဆိုပေသည်။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ကောင်းအောင်ပြုတာ 'မင်္ဂလာ'ပါ။ အကုသိုလ်တရား အမှိုက်သရိုက် အညစ်အကြေးများကို မိမိခန္ဓာကိုယ်မှ အထူးသတိထားဖယ်ရှားပြီး ကုသိုလ်တရားများ ဖြစ်ပွားတည်ရှိနိုင်သည့် မင်္ဂလာတရားများကို ဆောင်ထားကြခြင်းသည် မင်္ဂလာနှင့်ညီသဖြင့် မင်္ဂလာဆောင်ခြင်းပါ ။ ထိုကဲ့သို့ မင်္ဂလာမြောက်အောင်နေမည်၊ မင်္ဂလာကို ကျင့်ဆောင်ထားမည် ဆိုပါလျှင် ရရှိလာမည့် ကောင်းကျိုးတရားများ ဖြစ်ပွားကြီးထွားလာမည်မှာ အမှန်ပါ။

ထို့ကြောင့်ပင်လျှင် ဗုဒ္ဓရှင်တော်သည် သတ္တဝါအများငဲ့ညှာသနားသဖြင့် ကုသိုလ်၊ အကုသိုလ်ဆိုသော အလုပ်တို့ကို မသိနားမလည်ပါဘဲ မိုက်မြဲမိုက်နေကြသူ လူမိုက်တို့ကို မပေါင်းဖော်ကြရန်၊ အမှားအမှန် ထိုနှစ်တန်ကို ဝေဖန်ပိုင်းခြား ပညာဉာဏ်ကြီးမားကြသူ ပညာရှိသူတော်ကောင်းများကို မှီဝဲဆည်းကပ်ကြရန်၊ ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါး၊ ကျေးဇူးရှင်များနှင့် အသက်ဂုဏ်ဝါကြီးမြတ်ကြသူ ပူဇော်ထိုက်ငြားပုဂ္ဂိုလ်များကို ပူဇော်ကြရန် **'အသေဝနာစ ဗာလနံ'** စသည့် မင်္ဂလာတရား သုံးပါး။

အကုသိုလ်တရားမဖြစ်ပွားဘဲ ကုသိုလ်တရားပွားများစေရန် သင့်တင့်လျောက်ပတ်သော အရပ်ဒေသတို့၌သာနေကြရန်၊ ယခုမဟုတ်သည့် ရှေးရှေးအဖို့တို့က ပြုခဲ့ဖူးသော ကုသိုလ်တရားများနှင့် ဆက်စပ်စေအောင် ကောင်းမှုများကို ဆက်လက်ထုံမွှမ်းကြစေရန်၊ မိမိစိတ်ကို မကောင်းသည့်အာရုံဘက်သို့ မယိမ်းမယိုင်ရလေအောင် ကောင်းစွာ ထိန်းသိမ်းထားကြရန် **'ပတိရူပ ဒေသဝါသောစ'**စသည့် မင်္ဂလာတရား သုံးပါး။

အကြားအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတများစွာ ရှာမှီးကြရန်၊ စက်မှုလက်မှု အတတ်ပညာများကောင်းစွာ သင်ကြားတတ်မြောက်ထားရန်၊ ကောင်းစွာကျင့်ထား ကိုယ်ကျင့်တရားများနှင့် ပြည့်စုံနေကြစေရန်၊ ဝစီမကြမ်းနှုတ်မယမ်းဘဲ ချိုသာပြေပြစ်သော စကားကို ဆိုတတ်စေရန် **'ဗာဟုသစ္စဥ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော'**စသည့် မင်္ဂလာတရား လေးပါး။

မိဘနှစ်ပါး ဦးထိပ်ထား၍ ပြုစုစောင့်ရှောက်လုပ်ကျွေးကြရန်၊ သားသမီး၊ သားမယားတို့ကို တရားသဖြင့် ရှာဖွေထောက်ပံ့ကြရန်၊ ရှုပ်ထွေးခြင်းကင်း၍ သန့်ရှင်းသော ကောင်းမှုကိုသာ နေ့စဉ်ပြုလုပ်နေထိုင်ကြရန်၊ **'မာတာ ပိတု ဥပဋ္ဌာနံ'**စသည့် မင်္ဂလာတရား သုံးပါး။

ပေးကမ်းလှူဒါန်းကုသိုလ်ပန်းများကို အမြဲဆင်မြန်းနေကြရန်၊ သုစရိုက်တရားကောင်းမြတ်သော ကိုယ်ကျင့်တရားများဖြင့်နေထိုင်ကြရန်၊ မိတ်ဆွေဉာတကာ ကောင်းစွာထောက်ပံ့ကူညီရန်၊ အပြစ်မရှိ ချမ်းသာပကတိကို ပေးစွမ်းနိုင်သည့် ကုသိုလ်ကောင်းမှုနှင့်သာ မွေ့လျော်ကြရန် **'ဒါနဉ္စ ဓမ္မစရိယာ'**စသည့် မင်္ဂလာတရား လေးပါး။

မကောင်းမှုများ တွေ့ကြုံငြားက စိတ်ကားရှောင်ကြဉ်၊ ကိုယ်နှုတ်ပင်လျှင် စင်ကြယ်လှစွာ ထိန်းသိမ်းကာဖြင့် မိမိကိုယ်ကိုယ်စောင့်ရှောက်ထားကြစေရန်၊ မူးယစ်စေရာ သေစာအရက် မပေါင်းဖက်ကြစေရန်၊ ကုသိုလ်ပြုရေး ဓမ္မအရေး၊ နှေးကွေးမေ့လျော့ မပေါ့ဆကြစေရန် **'အာရတီ ဝိရတီ ပါပါမဇ္ဇ'**စသည့် မင်္ဂလာ လေးပါး။

ရိုသေထိုက်သူများကို ရိုသေကြရန်၊ မာန်မာနမထား ထောင်လွှားမှုကင်းစင်ကြစေရန်၊ မိမိကိုယ်ကိုယ် အမြဲနှိမ့်ချ၍ ဆက်ဆံတတ်စေရန်၊ ရောင့်ရဲလွယ်ကူ နေရာတကာ ကြေးမထူကြစေရန်၊ အခြားသူများ၏ ပြုထားဖူးသော ကျေးဇူးတရားကို အမြဲသိမှတ်ခါမလပ် အလေးအမြတ်ထားကြစေရန်၊ ချိန်ခါရောက်လတ် တရားမြတ်လျောက်ပတ်ချိန်ခါ မြတ်ဓမ္မနာကြားကြစေရန် **'ဂါရဝေါစ နိဝါတောစ'**စသည့် မင်္ဂလာတရား ငါးပါး။

မိမိစိတ်နှင့် မလျော်ကန် မသင့်တော်သည့် အခြားသူများ၏ ပြောစကား၊ ဆိုစကား၊ အလုပ်မှားများနှင့် တွေ့ကြုံလာပါကသည်းခံမှု တရားလက်ကိုင်ထားရန်၊ လူကြီးမိဘစကားမပယ်ရှားဘဲ နာယူလွယ်သူဖြစ်ကြစေရန်၊ ရဟန်းသာမဏေတွေ့ကြုံကြလျှင် ဂရုဝါရဝဖူးမြော်တတ်ကြစေရန်၊ လျောက်ပတ်လေရာချိန်အခါ တရားဓမ္မ ဆွေးနွေးကြစေရန် **'ခန္တီစ သောဝစဿတာ'**စသည့် မင်္ဂလာတရား လေးပါး။

ခြိုးခြံစွာကျင့်တတ်စေရန်၊ မြတ်သောအကျင့်ကို ကျင့်တတ်စေရန်၊ အရိယာသစ္စာကို သိမြင်နိုင်စေရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်သော အကျင့်တရားများ ကြိုးစားအားထုတ်ကြစေရန် **'တပေါစ ဗြဟ္မစရိယဉ္စ'**စသည့် မင်္ဂလာတရား လေးပါး။

တွေ့ကြုံလာငြား လောကဓံတရားတို့အား စိတ်အားမတုန်လှုပ်၊ ပူဆွေးရပ်မရှိ၊ ရာဂစရိုက်မြူအမှိုက်တို့ မကပ်မငြိ ဘေးမရှိအောင် နေထိုင် တတ်စေရန် **'ဖုဋ္ဌဿ လောကဓမ္မေဟိ'**စသည့် မင်္ဂလာတရားလေးပါး။

ထိုကဲ့သို့အားဖြင့် ၃၈ဖြာမင်္ဂလာတရားတို့ကို ဟောကြားတော်မူခဲ့ခြင်းမှာ လူနတ်ဗြဟ္မာသတ္တဝါအများ ကျင့်ဆောင်ခြင်းဖြင့် မင်္ဂလာဆောင်ကြစေရန် ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မကောင်းမှု အကုသိုလ်ဒုစရိုက်ဆိုးများ မဖြစ်ပွားအောင်၊ ကောင်းမြတ်သော ကုသိုလ်တရား ကိုယ်ကျင့်သီလများနှင့် ပြည့်စုံကြစေအောင်၊ မိမိ မနှစ်သက်၊ မမြတ်နိုးသည့် အစစကိစ္စရပ်များကို သူတစ်ပါးအပေါ်လည်း မပြုလုပ်၊ မပြစ်မှားမိအောင်၊ အကုသိုလ်တရားမကောင်းမှုများကို သတိထားရှောင်ရှား၍ ကောင်းမှုကုသိုလ်တရားများ ဆင့်ပွားတိုးတက်လာအောင် ကျင့်ဆောင်ကြစေလိုခြင်းဖြစ်ပေသည်။ ထိုသို့ မင်္ဂလာတရားများ စုဆောင်းထားနိုင်ပြီဆိုလျှင် မိမိ၏ကိုယ်တွင်း ကိုယ်ပ နှစ်ဌာန ဘေးဘယာကင်းစင် ရန်ဟူသမျှအောင်မြင်နိုင်မည်ဖြစ်သည်။ လောကီချမ်းသာတို့ ပြည့်စုံဖြိုးမောက်အရာရောက်စေသည့်အပြင် ချမ်းသာတကာတို့ထက် မွန်မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာအထိ အကျိုးထူးများ ရရှိခံစားနိုင်မည်ဖြစ်ပေသည်။

လူငယ်သဘာဝ ချစ်ခင်နှစ်သက်ကြသူအချင်းချင်း မင်္ဂလာဆောင်နှင်းကြရာဝယ် မင်္ဂလာဦးကုသိုလ် ရတနာမြတ်သုံးပါးကို ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်ကန်တော့ခြင်းသည်လည်း 'မင်္ဂလာ'ပါ။ မိဘဘိုးဘွားဆွေမျိုးများနှင့် သွန်သင်ညွှန်ကြားဆရာများပါမကျန် အလေးအမြတ်ထားကာ သက္ကစ္စဂါရဝ ပူဇော်ကြခြင်းသည်လည်း 'မင်္ဂလာ'ပါ။ ဉာတကာမိတ် ကောင်းစွာဖိတ်၍ ဧည့်ခံကျွေးမွေးခြင်းလည်း 'မင်္ဂလာ'ပါ။ ချစ်ခြင်းမေတ္တာတူမျှကာဖြင့် လော်လည်ခြင်းကင်းဖြောင့်စင်းဣန္ဒြေ မဖောက်သွေဘဲ 'လ၊ နေ'အလား၊ မြသားရွှေကွပ် ကျင့်ဝတ်စဉ်လာ 'မင်္ဂလာ'ပါ။ ထိုသို့သော မင်္ဂလာအပေါင်းကို ဆောင်နှင်းသိုမှီးကြသည့်ပွဲကို မင်္ဂလာဆောင်ကြသည်ဟု ဆိုကြခြင်းပါ။

ထိုထက်မက ထူးကဲလှစွာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို နေ့စဉ်ညမရွေး ကျင့်ဆောင်ပေးကြမည်ဆိုပါလျှင် ကောင်းကျိုးများတွေပွားတိုးစေသည့် မင်္ဂလာဆောင်ခြင်းမျိုးဖြစ်သည့်အပြင် ပျိုပျိုအိုအို အရွယ်မရွေး ကျင့်ဆောင်နိုင်သော မင်္ဂလာမျိုးပင်ဖြစ်သည်။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ မင်္ဂလာဆောင်၍ နေသင့်ပေသည်။

အချုပ်အားဖြင့် နှစ်စဉ်ထာဝရ ဝါတွင်းကာလမှာ ရဟန်းသာမဏေ သူတော်စင်များ ဝါဆိုဝါကပ်တော်မူကြသလို အိမ်ရာတည်ထောင်လူတို့ဘောင်၌ နေကြသော လူအများသည် ဝါဝင်၊ ဝါတွင်း ဥပုသ်သီတင်းသီလဆောက်တည်ကြရုံတင်မက 'မင်္ဂလာဆောင်'၍ နေကြမည်ဆိုလျှင် ကောင်းကျိုးများစွာ ရရှိခံစားစေနိုင်သဖြင့် ဝါမဝင်မီကပင် ကြိုတင်၍ မင်္ဂလာဆောင်ထားကြပြီး ဥပုသ်သီလတို့နှင့် ပြည့်စုံစွာနေထိုင်ကြပါစို့လို့ အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပါသည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## V@Kim Taehyung ၏ သင်တန်းသို့ Cartier Team က အထူးနေ့လယ်စာပေးပို့

လက်ရှိသင်တန်းတက်ရောက်နေသော BTS အဖွဲ့ဝင် V ခေါ် Kim Taehyung သည် Cartier ၏ အနုပညာသံတမန်တစ်ဦးလည်းဖြစ်ရာ သင်တန်းသို့ အထူးနေ့လယ်စာပို့ပေးပြီး Cartier ဒါရိုက်တာက ကိုယ်တိုင်သွားရောက်တွေ့ဆုံခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။





V ခေါ် Kim Taehyung ၏ သင်တန်းမှာ ခက်ခဲကြမ်းတမ်းသော လေ့ကျင့်ရေးများ ဆင်းနေချိန်တွင် ပျော်ရွှင်စွာ စားသုံးနိုင်ရန် Cartier Team က စားဖိုမှူးနှင့် အထူးနေ့လယ်စာ ချက်၍ ပို့ပေးခဲ့ပြီး စားဖိုမှူးက တစ်ညလုံး မအိပ်ဘဲချက်ထားသည်ဟု ဆိုသည်။

ယင်းကုန်အမှတ်တံဆိပ် ဒါရိုက်တာက ပုံတင်ထားပေးကာ V ခေါ် Kim Taehyung ကို သွားရောက်တွေ့ဆုံခဲ့ပြီး ဟင်းများအားလုံး ကြိုက်သည်ဟုလည်း ရေးသားထားသည်ကို တွေ့ရ၍ ပရိသတ်များက ကုန်အမှတ်တံဆိပ် သံတမန်ကို အားကျနေကြသည်။

(SKY)



## ပန်းမုန်လာစိမ်းထဲ၌ ကင်ဆာတိုက်ဖျက်ရေးပိဇရုပ်တွေ့ရှိ

ဟင်းသီးဟင်းရွက်အမျိုးမျိုးအနက် ပန်းမုန်လာစိမ်းသည် အသွင်သဏ္ဌာန်ရော အရသာပါထူးခြားသဖြင့် စားသုံးသူအများစုကို ဆွဲဆောင်နိုင်သည်။

အာဟာရပညာရှင်များ၏ ကနဦးလေ့လာတွေ့ရှိချက်များအရ ယင်းပန်းမုန်လာစိမ်းတွင် ကင်ဆာရောဂါမှ ကာကွယ်နိုင်သော အစွမ်းအာနိသင်ရှိသည်ဆိုသဖြင့် စားသုံးသူများ အလေးထား စားသုံးလေ့ ရှိကြသည်။

တရုတ်နိုင်ငံ ဟူနန်စိုက်ပျိုးရေးတက္ကသိုလ်မှ ဒေါက်တာကျန်းဝေဝမ်း ဦးဆောင်သော သုတေသီတစ်စုက ပန်းမုန်လာစိမ်းကို မကြာသေးမီက ဓာတ်ခွဲလေ့လာခဲ့ကြသည်။

ယင်းသုတေသီများ ထိုသို့လေ့လာရာမှ ကာစီနိုဂျင်ကို ဟန့်တားပေးနိုင်သည့် ဗီဇရုပ်ကို ပန်းမုန်လာစိမ်းတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

(Mon)



## Get Out ရုပ်ရှင်ထုတ်လုပ်သူ Jordan Peele ရုပ်ရှင်သစ် ရိုက်ကူးထား

သည်းထိတ်ရင်ဖိုဇာတ်ကားနှင့် အောင်မြင်ကျော်ကြားနေသော Get Out ရုပ်ရှင်ဒါရိုက်တာ Jordan Peele က ၂၀၂၆ခုနှစ် Halloween အကြို ရုပ်ရှင်သစ် ရိုက်ကူးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jordan Peele သည် Nope ရုပ်ရှင်နောက်ပိုင်း ကိုယ်တိုင်ဒါရိုက်တာနေရာမှ တာဝန်ယူရိုက်ကူးထားခြင်းမရှိသေးသော်လည်း ရုပ်ရှင်သစ်တွင် ကိုယ်တိုင်ဒါရိုက်တာနှင့် ထုတ်လုပ်သူ တာဝန်ယူထားကာ အောက်တိုဘာ ၂၃ ရက်တွင် Universal Studio က ဖြန့်ချိပြသမည် ဖြစ်သည်။

၂၀၁၇ခုနှစ်တွင် ထွက်ရှိထားသည့် သည်းထိတ်ရင်ဖိုဇာတ်ကား Get Out မှာ အောင်မြင်မှုရရှိကာ အော်စကာ ဆန်ခါတင်စာရင်းအထိ ပါဝင်ခဲ့ပြီး US နှင့် Nope တို့မှာလည်း ဝင်ငွေအရရော၊ အနုပညာအရပါ အောင်မြင်ခဲ့သည်။

Jordan Peele သည် စက်တင်ဘာလတွင် ပြသမည့် Him ရုပ်ရှင်၏ ထုတ်လုပ်သူလည်းဖြစ်ကာ ရုပ်ရှင်သစ်ကို ၂၀၂၆ခုနှစ် Halloween အကြိုအတွက် ရိုက်ကူးထားသည်ဟု သိရသည်။

(SKY)

## Aespa အဖွဲ့၏ ပထမဆုံး ဂီတအယ်လ်ဘမ် Armageddon ထွက်ရှိပြီး အောင်မြင်မှုနည်းခဲ့

အက်စ်အမ်အင်တာတိန်းမင့် လက်အောက်ခံ အက်စပါအဖွဲ့၏ စတူဒီယိုအယ်လ်ဘမ် ပထမဆုံး ထွက်ရှိခဲ့ရာ အမည်ကို Armageddon ဟု ပေးထားပြီး အောင်မြင်မှုနည်းခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်စပါအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်တွင် ပွဲဦးထွက်ခဲ့ပြီး ပထမဆုံး စတူဒီယိုအယ်လ်ဘမ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ရာ အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ပုံများကို ဖော်ပြပေးပြီး ထုတ်ဝေခဲ့သည်။

အက်စပါအဖွဲ့၏ဂီတ အယ်လ်ဘမ်မှာ ထင်သလောက် အောင်မြင်မှုမရရှိခဲ့သော်လည်း အဖွဲ့ဝင်များမှာ စိတ်ပျက်အားငယ်ခြင်းမရှိဘဲ ထပ်မံ၍ ကြိုးစားနေကြသည်။

ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ အောင်မြင်မှုရရှိရန်မှာ သွေး၊ ချွေးများစွာ ပေးဆပ်ကြရပြီး ဝေဖန်မှုကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရန်လည်း အရေးကြီးသည်ဟု အဖွဲ့ဝင်တစ်ဦးက ပြောကြားသွားသည်။

(SKY)




## BTOB မှ Sungjae က EXO ကို အားကျကြောင်းပြော

ဘီတီအိုဘီအဖွဲ့ဝင် ဆောင်ဂျေးသည် အိပ်ဇိုအဖွဲ့ဝင်များနှင့် ပတ်သက်၍ မနာလိုရလောက်အောင် အားကျမှုရှိခဲ့သည်ဟု ထုတ်ဖော်ပြောဆိုမှုမှာ ချစ်စရာကောင်းခဲ့၍ ပရိသတ် အချစ်ပိုခဲ့သည်ဟု မီဒီယာများက ဖော်ပြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် တွေ့ရသည်။



ဆောင်ဂျေးက အိပ်ဇိုအဖွဲ့ဝင်များကို မနာလိုရလောက်အောင် အားကျခဲ့ရခြင်းမှာ အိပ်ဇိုအဖွဲ့ခေါင်းဆောင် ဆူဟိုက သူ့အဖွဲ့ဝင်များကို အမြဲအစားအသောက် ဝယ်ကျွေးလေ့ရှိကြောင်း ကြားသိခဲ့ရပြီး သူတို့ ဘီတီအိုဘီအဖွဲ့ခေါင်းဆောင် အန်ကွမ်က အဖွဲ့ဝင်များနှင့်အတူ စားလေ့ရှိသည်ဟု ပြောကြားထားသည်။

အဖွဲ့ဝင် အီဟွန်းက ဆောင်ဂျေး၏စကားကို ဆက်ပြောခဲ့ရာ အဖွဲ့ခေါင်းဆောင် အန်ကွမ်မှာ အဖွဲ့နှင့် အတူတူ စားလေ့ရှိပြီး စားပြီးသည်နှင့် ခေါင်းဆောင်က ကပ်ကြေး၊ စက္ကူ၊ ကျောက်တုံး ကစားကာ ရှုံးသူကို ရှင်းခိုင်းလေ့ရှိပြီး ခေါင်းဆောင်က ဘယ်တော့မှ မရှုံးဟု ဖြည့်စွက်ပြောသွားခဲ့သည်။

ပရိသတ်များက ဆောင်ဂျေး၏ မနာလိုမှုမှာ ချစ်စရာကောင်းနေ၍ အချစ်ပိုနေကြကြောင်း မီဒီယာများက ဖော်ပြထားသည်။

(SKY)

## Wang Yibo က Discovery Channel အတွက် survival show ရိုက်ကူးထား

ဝမ်ရိဘိုသည် Discovery Channel အတွက် မှတ်တမ်းရုပ်ရှင်အပြင် survival show တစ်ခုကို ရိုက်ကူးထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကမ္ဘာ့သင်းခွေချပ်များ ကယ်ဆယ်ရေးမှတ်တမ်းရုပ်ရှင်ထွက်ရှိခဲ့ပြီးနောက် တောတောင်ထဲသို့ ကိုယ်တိုင်ခရီးကြမ်းနှင်ခဲ့ပြီး ထပ်မံ၍ မှတ်တမ်းရုပ်ရှင်အပြင် survival show ကိုပါ ရိုက်ကူးထားခြင်းဖြစ်သည်။



အဆိုပါ survival show ဆိုသည်မှာ ရေ၊အစားအစာ ရှာဖွေရပြီး အမဲလိုက်ခြင်း၊သဘာဝတောတောင်ထဲတွင် လှည့်လည်နေထိုင်နိုင်ရန် တဲဆောက်ခြင်း၊မီးပြုလုပ်ခြင်းများအပြင် အချိန်မရွေး တိရစ္ဆာန်များနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

ဝမ်ရိဘိုသည် အနုပညာလုပ်ငန်းများသာမက အားကစား၊ အကပညာအပြင် သဘာဝပတ်ဝန်းကျင်ကိုပါ စိန်ခေါ်ခဲ့သဖြင့် သူ့ခြေလှမ်းများမှာ လိုက်မမီနိုင်သည့် အဆင့်ကျော်လွန်နေပြီဟု ပရိသတ်မှတ်ချက်ပေးထားသည်။

(SKY)

## Crew ရုပ်ရှင်ကား ဖက်ရှင်ဦးစားပေးထား၍ ဝင်ငွေနည်းပါး

ဘောလိဝုဒ် ထိပ်တန်းမင်းသမီးသုံးဦးပါဝင်ထားပြီး ဖက်ရှင်စတိုင်လ် အဓိကထားပြသခဲ့ရာ နာမည်ကြီးအဆိုတော်ပါဝင်အားဖြည့်ထားသော်လည်း ရုံတင်ဝင်ငွေနည်းပါးခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

မင်းသမီး သုံးဦးဖြစ်သည့် တဘူးလ်၊ ကရီနားကပူးလ်၊ ကရီတီးတို့အပြင် နာမည်ကြီး အဆိုတော် ဂျီဒိုဆန် ပါဝင်ထားကာ အဆိုပါရုပ်ရှင်တွင် အလှကိုယ်စီ၊ အိပ်မက်ကိုယ်စီနှင့် ဝါသနာအရ လေယာဉ်မယ်လုပ်ကိုင်ခဲ့ကြရာမှ လေကြောင်းလိုင်း ဒေဝါလီခံရသဖြင့် ခြောက်လကြာ လစာမရရှိခဲ့ကြပေ။

သုံးဦးသား စည်းမျဉ်းစည်းကမ်းများကို စွန့်ပယ်ပြီး ဖြတ်လမ်းလိုက်ရန် ရွေးချယ်ရာမှ ရွှေခိုးသယ်နေကြ ဆရာကြီး၏ လျှို့ဝှက်ချက်ကို အသုံးချ၍ စွန့်စားခန်းဖွင့်ကြပုံကို ဟာသနှောတင်ဆက်ထားသည်။ ဖက်ရှင်စတိုင်လ် ဦးစားပေးပြီး ဇာတ်လမ်းခိုင်မာမှု မရှိ၍ ဝင်ငွေနည်းပါးစွာ ရပြီး အရှုံးပေါ်ခဲ့သည်။

(SKY)



# မဲဆွယ်စည်းရုံးရေးမလုပ်ရန် ဖိအားပေးကြသော်လည်း စီစဉ်ထားသလို ဆက်လုပ်သွားမည်ဟု ဘိုင်ဒင် ပြောကြား



**ဝါရှင်တန် ဇူလိုင် ၄**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးမလုပ်ရန် မိမိကို ဖိအားပေးနေကြသော်လည်း မူလ စီစဉ်ထားသလို ဆက်လုပ်သွားမည်ဟု ဂျိုးဘိုင်ဒင် ဇူလိုင် ၃ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်း၏ မဲဆွယ်စည်းရုံးရေး အဖွဲ့ဝင်များထဲမှ စိုးရိမ်နေသူများထံသို့ ကိုယ်တိုင် တယ်လီဖုန်းဆက်ပြီး ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရင်းမြစ်နှစ်ခုက အတည်ပြုသည်။

ထို့ပြင် သမ္မတ ဂျိုးဘိုင်ဒင်က ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၄ ဦးနှင့် ဝါရှင်တန်မြို့တော်ဝန်တို့ကိုလည်း ဗီဒီယိုဖြင့် တိုက်ရိုက်သာမက လူကိုယ်တိုင်လည်း ဆက်သွယ်၍ အလားတူ ပြောကြားခဲ့သည်။

သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်နှင့် စကားစစ်ထိုးစဉ်က ဂျိုးဘိုင်ဒင်၏ အခြေအနေ ဆိုးခဲ့သော်လည်း သမ္မတတာဝန် မထမ်းဆောင်နိုင်တော့လောက်သည့် အဆင့်သို့ မရောက်သေးဟု မင်နီဆိုတာပြည်နယ်အုပ်ချုပ်ရေးမှူး တင်မ်ဝေါ့လ်ဇ်က ထုတ်ဖော်ပြောကြားသည်။

Mon

# အမေရိကန်ဒေါ်လာအညွှန်းကိန်း အားနည်းသွားရာမှ ကမ္ဘာ့အစုရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ရ



**ဝါရှင်တန် ဇူလိုင် ၄**

ဇူလိုင် ၃ ရက်တွင် နယူးယောက်စတော့ဈေးကွက်၌ အမေရိကန်ဒေါ်လာအညွှန်းကိန်း အားနည်းသွားရာမှ ကမ္ဘာ့အစုရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အလုပ်လက်မဲ့ ပမာဏ ၂၃၈၀၀၀ ဦးအထိ တိုးမြင့်ရောက်ရှိနေကြောင်း အမေရိကန်အလုပ်သမားဌာနက ထုတ်ပြန်ကြေညာလိုက်သဖြင့် ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ ဈေးကျခဲ့သည်။

ယင်းအလုပ်လက်မဲ့ တိုးပွားလာသည့် အခြေအနေသည် အမေရိကန် စီးပွားရေး နှေးကွေးလျက်ရှိသည်ကို ပြသခြင်းဖြစ်ကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



စကော့တလန်နိုင်ငံ ဟော်ဂါဘိုစ်ကမ်းခြေ၌ မကြာသေးမီ ညသန်းခေါင်ကျော်က ဖြစ်ပေါ်ခဲ့သော တိမ်တောက်ခြင်းအလှအပကို အဆန်းတကြယ် တွေ့ရစဉ်။

Mon

# အာမခံဖြင့် ထောင်မှလွတ်လာသော ဟေမန့်ဆိုရင် ပြည်နယ်ဝန်ကြီးချုပ်တာဝန် လွှဲပြောင်းပေးရမည်

**ဒေလီ ဇူလိုင် ၄**

ဇွန် ၂၈ ရက်က အာမခံဖြင့် ထောင်မှလွတ်လာသော ဟေမန့်ဆိုရင် အနေဖြင့် ဂျာခန်းပြည်နယ် ဝန်ကြီးချုပ်တာဝန်ကို ပြည်နယ်ပါလီမန်၏ အတည်ပြုချက်အရ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၄၈ နှစ်အရွယ် အိန္ဒိယအတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဟေမန့်ဆိုရင် အဂတိမှုဖြင့် ဖေဖော်ဝါရီလတွင် အစစ်အဆေးအမေး အမြန်းမရှိဘဲ ချက်ခြင်းအဖမ်းခံခဲ့ရသည်။

ထောင်ဒဏ်မကျခံရသေးမီ ပြည်နယ်ဝန်ကြီးချုပ်တာဝန်ကို အသက် ၆၁ နှစ်အရွယ် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ချမ်ပိုင်ဆိုရင်ထံသို့ ယာယီလွှဲအပ်ထားခဲ့သည်။

အာမခံဖြင့် ၎င်းထောင်မှ လွတ်လာသောအခါ ချမ်ပိုင်ထံမှ ထိုပြည်နယ်ဝန်ကြီးချုပ်တာဝန်ကို ပြန်လည်ရယူပြီးနောက် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှု ပြုလုပ်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



# တရုတ်နိုင်ငံ အနှံ့အပြားတွင် ရာသီဥတုပြင်းထန် လအနည်းငယ်ကြာသည်အထိ အပူချိန်တိုးမြင့်မည်

**ပေကျင်း ဇူလိုင် ၄**

တရုတ်နိုင်ငံ အနှံ့အပြားတွင် ယခုနှစ်ရာသီဥတု ပြင်းထန်လျက်ရှိရာ လအနည်းငယ်ကြာသည်အထိ အပူချိန် တိုးမြင့်နေဦးမည်ဟု မိုးလေဝသဌာန အသီးသီးက ကြိုတင်သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော မတ်လမှ မေလအထိ တရုတ်တစ်နိုင်ငံလုံး၌ အပူချိန်မြင့်တက်လာရာ ၁၉၆၁ ခုနှစ်နောက်ပိုင်းတွင် အပူပြင်းဆုံးစံချိန်တင်ခဲ့သည်။

ဇူလိုင်လအတွင်း တရုတ်နိုင်ငံထဲသို့ တိုင်ဖုန်းမုန်တိုင်းနှစ်ခု ဝင်ရောက်တိုက်ခတ်လာနိုင်ပြီး မုန်တိုင်းသင့်ဒေသများ၌ မိုးသည်းထန်ရေကြီးမြေပြိုမှုများ ကြုံတွေ့ရနိုင်ကြောင်း သက်ဆိုင်ရာ မိုးလေဝသစခန်း အသီးသီးက သတိပေးထားသည်။

အဆိုပါ မုန်တိုင်းနှစ်ခုသည် မြောက်ဘက်နှင့် အနောက်ဘက် ဒေသများသို့ ရွေ့လျားသွားမည်ဖြစ်ပြီး ကျန်ဒေသများတွင် အပူချိန်မြင့်တက်နေဦးမည်ဟု ဆိုသည်။

ယမန်နှစ်က တရုတ်နိုင်ငံအတွင်းသို့ ဒေါ့ဆူရီနှင့် ဟိုက်ကူအိဟု အမည်ရသော အင်အားပြင်း တိုင်ဖုန်းမုန်တိုင်းနှစ်ခု ဝင်ရောက်တိုက်ခတ်ရာမှ မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Mon





# တရုတ်နိုင်ငံ အမျိုးသားသစ်တောကြိုးဝိုင်းရှိ မျိုးသုဉ်းလုနီးပါး မီလူသမင် အကောင်ရေ ၈၀၀၀ ကျော်ရှိလာ

**နန်နင်း ဇူလိုင် ၄**

တရုတ်နိုင်ငံရှိ အမျိုးသားသစ်တောကြိုးဝိုင်းတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်ဖြစ်သော ပရီဒေးဗစ်စ်သမင်ဟု လူသိများသည့် မီလူသမင်များ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ပထမဆုံးအကြိမ်အဖြစ် ယင်းသမင်အကောင်ရေ ၈၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းဆူးပြည်နယ်ရှိ တာဖုန်းမီလူ အမျိုးသားသစ်တောကြိုးဝိုင်း၌ ယခုနှစ်အတွင်း ဖွားလ သားပေါက်ရာသီ ကုန်ဆုံးပြီးနောက် သမင်သားပေါက် ၈၂၅ ကောင် ပေါက်ဖွားခဲ့ကြောင်း ပြည်နယ်ဆိုင်ရာ သစ်တောအာဏာပိုင်များထံမှ သိရသည်။

ထိုသစ်တောကြိုးဝိုင်းတွင် အဆိုပါ သမင်အမျိုးအစား အကောင်ရေ ကောင်းမွန်တည်ငြိမ်တိုးပွားမှုကို ဆက်လက်ထိန်းသိမ်းလျက်ရှိရာ ယမန်နှစ်က အကောင်ရေ ၇၈၄၀ ရှိရာမှ ယခုအခါ ၈၂၁၆ ကောင် ရှိလာကြောင်း သိရသည်။

(ဆင်ဟွာ)

# ပါရမီထူးသော ၉ နှစ်အရွယ် ဘိုဓနာဆီဗာနန်ဒန် အသက်အငယ်ဆုံး အင်္ဂလန်စစ်တုရင်မယ် ဖြစ်လာ

**လန်ဒန် ဇူလိုင် ၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် ဟာရိုးရပ်ကွက်မှ ပါရမီထူးသော ၉ နှစ်အရွယ် ဘိုဓနာဆီဗာနန်ဒန် အသက်အငယ်ဆုံး အင်္ဂလန်စစ်တုရင်မယ်ဖြစ်လာသည်ကို ၎င်း၏ဖခင် ဆီဗာ အလွန်အံ့အားသင့်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နှစ်ကုန်ပိုင်းတွင် ဟန်ဂေရီနိုင်ငံက လက်ခံကျင်းပမည့် ကမ္ဘာ့စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အင်္ဂလန်အမျိုးသမီးစစ်တုရင် အသင်းဝင်အဖြစ် လိုက်ပါရမည်ဟု သိရသဖြင့် ဘိုဓနာဆီဗာနန်ဒန် ပျော်နေမိသည်။

ကျွန်တော်က ကျွန်တော့်ဇနီးလိုပဲ အင်ဂျင်နီယာကျောင်းဆင်းပါ။ ကျွန်တော် စစ်တုရင် မကျွမ်းဘူးဗျ။ တစ်ပွဲ၊ နှစ်ပွဲ ဝင်ပြိုင်ဖူးပေမယ့် အရမ်းညံ့ပါတယ်ဟု ဖခင် ဆီဗာက ဝန်ခံပြောကြားသည်။

သို့ရာတွင် သမီးဖြစ်သူက စစ်တုရင်ပါရမီ ထူးလွန်းနေသဖြင့် အံ့သြမိကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

လွန်ခဲ့သော နှစ်နှစ်ကတည်းက ဘိုဓနာဆီဗာနန်ဒန် အသက် ၈ နှစ်အောက် ကမ္ဘာ့စစ်တုရင်ပွဲစဉ် သုံးပွဲ၌ အနိုင်ရခဲ့သည်။

၎င်းအနေဖြင့် ဟန်ဂေရီသို့ သွားရောက်ယှဉ်ပြိုင်လျှင် ဗြိတိန်နိုင်ငံ၏ အသက်အငယ်ဆုံး စစ်တုရင်မယ်အဖြစ်နှင့်သာမက အသက်အငယ်ဆုံး အားကစားမယ်အဖြစ်နှင့်လည်း မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Mon





## မီးသတ်ဦးစီးဌာနမှ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ဆင်ပေါင်ဝဲ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်များသို့ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ဇူလိုင် ၃ ရက် မွန်းတည့် ၁၂ နာရီက လိုက်လံနှိုးဆော် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ပြည်သူများမှ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်တို့ဖြစ်ပေါ်လာပါက ကြိုတင်သတိပြု ကာကွယ်နိုင်စေရန်၊ သတိပြုရှောင်ရှားသင့်သည့်အပြုမူများကို သိရှိစေရန် အသိပညာပေးချက်များအား လှည့်လည်အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီးအား ဈေးအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်အတွက် ဈေးတွင်း၊ ဈေးပြင် သန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့နယ်လျှပ်စစ် ဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့မစည်ပင်သာယာဈေး၌ မီးဘေးလုံခြုံစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများဖွဲ့က မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများနှင့်အတူ ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ဈေးလုံခြုံရေးအတွက် တပ်ဆင်ထားရှိသော လျှပ်စစ်မီးလိုင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးဒဏ်ကြောင့် မီးမလင်းတော့သည့် လျှပ်စစ်မီးသီးများကို စနစ်တကျဖြုတ်သိမ်းကာ LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ လျော့ကျနေသည့် ဓာတ်အားလိုင်းကြိုးများအား လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပွင့်ဖြူမြို့မဈေးကြီးအား ဈေးအင်္ဂါရပ်နှင့်အညီ အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရန်အတွက် ယခုကဲ့သို့ ဈေးမီးဘေးလုံခြုံရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ စနစ်တကျဈေးရောင်းချနိုင်ရေးအတွက် ကြပ်မတ်စစ်ဆေးခြင်း၊ ဈေးတွင်း၊ ဈေးပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဈေးအမှိုက်ကန်ရှိ အမှိုက်များ သိမ်းဆည်းခြင်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် အပတ်စဉ်(တနင်္လာနေ့တိုင်း) ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပင်လုံမြို့တွင် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပေါင်းလိုင်းရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သန်းထွေးဆိုသူ မောင်းနှင်လာသည့် MARK II အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာ



သော စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၄၅ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းထွေး (၃၁)နှစ်ဆိုသူအား ပင်လုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၄၃၆) တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၃၀ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းအနီး၊ ကျိုင်းတုံလမ်းမကြီးဘေး၌ စုပုံထားရှိသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Total တံဆိပ်ပါ Rotary Hummer ၁၁ခု အပါအဝင် ကုန်ပစ္စည်း ကိုးမျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ကြီးမြို့နယ်၊ ဆင်ရှာကြီးနှင့် ကျဲရေကုန်းရွာကြား၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် ပုစွန်လုံးပင်လယ်စာ ကီလိုဂရမ် ၁၀၀၀၀ နှင့် သက်တံလိပ် ကီလိုဂရမ် ၅၅၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Van တစ်စီးနှင့် Isuzu Forward Van Truck တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားမဝင် စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၁၁၉၆၀နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ စက်မှုဇုန်ထုတ် TT Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီးကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သည်။

ဇူလိုင် ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ပထက်ကျွန်းအနောက်ဘက်(၁ ဒသမ ၅)မိုင်ခန့်အကွာ၌ စက်လှေတစ်စီးပေါ်မှ တရားမဝင် အခြားသစ်(၅ ဒသမ ၃၃၈) တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် စက်လှေတစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

*-*-*-*-*-*





## ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် မိုးရွာသွန်း၍ သစ်ပင်လဲကျမှု ဖယ်ရှားရှင်းလင်း

**မန္တလေး ဇူလိုင် ၄**

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ဇူလိုင် ၁ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မိုင်တိုင်အမှတ်(၇၁/၁)နှင့် မိုင်တိုင်အမှတ်(၇၁/၅)တို့ရှိ လမ်းလယ်ကျွန်းတွင် စိုက်ပျိုးထားသော ဘောစကိုင်းပင်၊ ပင်လယ်ကဗွီးပင် လဲကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဥသျှစ်ကုန်းအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက လမ်းပေါ်ရှိ သစ်ပင်၊ သစ်ကိုင်းများအား ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)



## အဆောက်အအုံ ငါးလွှာမှ ခုန်ချမည့်သူအား ကယ်ဆယ်

**မန္တလေး ဇူလိုင် ၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ ၁၁လမ်း၊ ၇၉လမ်းနှင့်လမ်း၈၀ကြားရှိ အာရ်စီ(၇)ထပ် အဆောက်အအုံ ငါးလွှာမှ အမျိုးသား တစ်ဦး ဇွန် ၃၀ ရက် ညနေ ၄နာရီက ခုန်ချရန်ပြုလုပ်နေကြောင်း သတင်းရရှိသဖြင့် အောင်မြေသာစံမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ (ဝ၄၅)

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိ၊ လူနေအိမ်အချို့နှင့် မူလတန်း(လွန်)ကျောင်းဆောင်တစ်ခု ပျက်စီး




အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇူလိုင် ၄

အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် ရပ်ကွက် (၁) နယ်မြေ (၃) အတွင်းသို့လည်းကောင်း၊ ရပ်ကွက် (၁၀) နီလာလမ်းပေါ်သို့လည်းကောင်း၊ ရပ်ကွက်(၅) နယ်မြေ (၁) ရှိ ပန်အုပ် ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ လည်းကောင်း၊ ရပ်ကွက်(၄) နယ်မြေ(၃)အတွင်းသို့ လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ၁၂ နှစ် နှင့် ၁၄ နှစ်အရွယ် ကလေးသုံးဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦး သေဆုံးပြီး ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ်၂၀ ခန့်တွင် ရပ်ကွက် (၉) နယ်မြေ (၃) စိန်ပန်းလမ်းရှိ လူနေအိမ်များပေါ်သို့ လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် ရပ်ကွက် (၉) နယ်မြေ (၁) စံပယ်လမ်းရှိ လူနေအိမ်များပေါ်သို့ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၉) နယ်မြေ (၁) ကြံတိုင်းအောင်လမ်းပေါ်ရှိ လူနေအိမ်များပေါ်သို့လည်းကောင်း ရှော့တိုက်ဒုံးများကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ကာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း နှစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါဒဏ်ရာရရှိသူများအား လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။




အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် နံနက် ၁၁ နာရီခန့်တွင် ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ လားရှိုးမြို့ ရပ်ကွက် (၉) နယ်မြေ (၂) အတွင်းရှိ အမှတ် (၁၅) အခြေခံပညာမူလတန်း(လွန်)ကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ဆောင်များ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့ရှိ လူနေရပ်ကွက်များအတွင်းသို့ ဇူလိုင် ၃ ရက်မှစ၍ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယနေ့အထိ အပြစ်မဲ့ပြည်သူအသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးငယ် သုံးဦး၊ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့ပြီး ပြည်သူအချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့၊ ရွာများရှိ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Khin Khin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁၆/၃) ရပ်ကွက်နေ ခင်စန်းတင့်(ခ) အမွန်အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ “မာနမိုး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ် (၃)ရပ်ကွက်နေ ခင်မို့မို့လွင်(ခ) မိုးမိုးအား မွန်းလွဲ ၂ နာရီခွဲတွင်လည်း ကောင်း၊ “Tun Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုလင်းကျေးရွာနေ သိန်းသန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# အမရပူရမြို့နယ် ရွှေဆောင်ငွေစုငွေချေးသမဝါယမ အသင်းသားများအား ဆန်များ ထောက်ပံ့ပေးအပ်

အမရပူရ ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊သမဝါယမဦးစီးဌာနက လာမည့်ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမရပူရမြို့နယ်ရှိ ရွှေဆောင်ငွေစုငွေချေးသမဝါယမအသင်းသားများအား ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမရုံး၌ ဆန်များထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဟိန်းစစ်ကျော်က အသင်းသားများအား ထောက်ပံ့ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်အသင်းသား၊ အသင်းသူများ သက်သာချောင်ချိရေးအတွက် တစ်ဦးလျှင် ဆန် ၄ ပြည်၊ ၃ဘူးနှုန်းဖြင့်အသင်းသား၊ အသင်းသူ ၁၇ ဦး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀ ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်းသိရသည်။

**စိုးသီဟ(အမရ)**

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Carlos Alcaraz တက်ရောက်

**လန်ဒန် ဇူလိုင် ၄**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။



အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား Aleksandar Vukic အား ၇-၆၊ ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Wimbledon တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အမေရိကန်တင်းနစ်ကစားသမား Frances Tiafoe တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

## ဟမ်းမဲလ်အားခေါ်ယူရန် လေဗာကူဆင်အသင်း စိတ်ဝင်စား



**မြူးနစ် ဇူလိုင် ၄**

လေဗာကူဆင်အသင်းသည် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး လမ်းခွဲထားသည့်ဝါရင့် နောက်ခံကစားသမား ဟမ်းမဲလ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (ဝဲပုံ)

အသက်(၃၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဟမ်းမဲလ်သည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၉၉ ပွဲထိ ကစားခဲ့ပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လေဗာကူဆင်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဟမ်းမဲလ်ကိုယ်တိုင်ကလည်း လေဗာကူဆင်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လေဗာကူဆင်အသင်းအနေဖြင့် ဈေးကွက်အတွင်းတွင် ဟမ်းမဲလ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ

နိုင်ကမ္ဘာ

### ကွာတားဖိုင်နယ်ပွဲစဉ်များ

**စပိန် – ဂျာမနီ**

ဇူလိုင် ၅ ရက် (သောကြာနေ့)ည ၁၀း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၈-၆-၁၉၈၈ | ဂျာမနီ | ၂-၀ | စပိန် | | | (ယူရို ၈၈ အုပ်စု) |
| ၂၂-၆-၁၉၉၄ | ။ | ၁-၁ | ။ | | | (ကမ္ဘာ့ဖလား ၉၄ အုပ်စု) |
| ၃၀-၆-၂၀၀၈ | ။ | ၀-၁ | ။ | | | (ယူရို ၂၀၀၈ ဗိုလ်လုပွဲ) |
| ၈-၇-၂၀၁၀ | ။ | ၀-၁ | ။ | | | (ကမ္ဘာ့ဖလား ၂၀၁၀ ဆီမီး) |
| ၂၀၂၀ | ဂျာမနီ | ၁-၁ | စပိန် | ၆-၀ | ဂျာမနီ | (UEFA နေရှင်းလိဂ်အုပ်စု) |
| ၂၇-၁၁-၂၀၂၂ | စပိန် | ၁-၁ | ဂျာမနီ | | | (ကမ္ဘာ့ဖလား ၂၀၂၂အုပ်စု) |

**နှစ်သင်း၏ ကွာတားဖိုင်နယ်အထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| စပိန် | ၃-၀ | ခရိုအေးရှား | (အုပ်စုအဆင့်) | ဂျာမနီ | ၅-၁ | စကော့တလန် |
| စပိန် | ၁-၀ | အီတလီ | ( ။ ) | ဂျာမနီ | ၂-၀ | ဟန်ဂေရီ |
| အယ်လ်ဘေးနီးယား | ၀-၁ | စပိန် | ( ။ ) | ဆွစ်ဇာလန် | ၁-၁ | ဂျာမနီ |
| စပိန် | ၄-၁ | ဂျော်ဂျီယာ | (၁၆-သင်းအဆင့်) | ဂျာမနီ | ၂-၀ | ဒိန်းမတ် |

အသင်းကြီးနှစ်သင်း ဆုံတွေ့မှုဖြစ်၍ ပွဲချိန်အတွင်း သရေကျကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက လက်ရှိခြေစွမ်းအရ စပိန်တို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

စပိန်–နိုင်၊ နိုင်၊ နိုင်၊ နိုင်၊ နိုင်

ဂျာမနီ–နိုင်၊ နိုင်၊ နိုင်၊ သရေ၊ နိုင်

**ပေါ်တူဂီ – ပြင်သစ်**

ဇူလိုင် ၆ ရက်(စနေနေ့)နံနက် ၀၁း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၄-၆-၁၉၈၄ | ပြင်သစ် | ၁-၁ | ပေါ်တူဂီ | | | (ယူရို ၈၄ ဆီမီး) |
| | (အချိန်ပိုတွင် ၂-၀ ဖြင့် ပြင်သစ်နိုင်) | | | | | |
| ၂၈-၆-၂၀၀၀ | ပြင်သစ် | ၁-၁ | ပေါ်တူဂီ | | | (ယူရို ၂၀၀၀ ဆီမီး) |
| | (အချိန်ပိုတွင် ၁-၀ ဖြင့် ပြင်သစ်နိုင်) | | | | | |
| ၆-၇-၂၀၀၆ | ပေါ်တူဂီ | ၀-၁ | ပြင်သစ် | | | (ကမ္ဘာ့ဖလား ၂၀၀၆ ဆီမီး) |
| ၁၁-၇-၂၀၁၆ | ပေါ်တူဂီ | ၀-၀ | ပြင်သစ် | | | (ယူရို ၂၀၁၆ ဗိုလ်လုပွဲ) |
| | (အချိန်ပိုတွင် ၁-၀ ဖြင့် ပေါ်တူဂီ ဗိုလ်စွဲ) | | | | | |
| ၂၀၂၀ | ပေါ်တူဂီ | ၀-၁ | ပြင်သစ် | ၀-၀ | ပေါ်တူဂီ | (UEFA နေရှင်းလိဂ်အုပ်စု) |
| ၂၄-၆-၂၀၂၁ | ပေါ်တူဂီ | ၂-၂ | ပြင်သစ် | | | (ယူရို ၂၀၂၁ အုပ်စု) |

**နှစ်သစ်၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| ပေါ်တူဂီ | ၂-၁ | ချက် | (အုပ်စုအဆင့်) | ဩစတြီးယား | ၀-၁ | ပြင်သစ် |
| တူရကီယဲ | ၀-၃ | ပေါ်တူဂီ | ( ။ ) | နယ်သာလန် | ၀-၀ | ပြင်သစ် |
| ဂျော်ဂျီယာ | ၂-၀ | ပေါ်တူဂီ | ( ။ ) | ပြင်သစ် | ၁-၁ | ပိုလန် |
| ပေါ်တူဂီ | ၀-၀ | ဆလိုဗေးနီးယား | (၁၆-သင်း အဆင့်) | ပြင်သစ် | ၁-၀ | ဘယ်လ်ဂျီယံ |

ပေါ်တူဂီနှင့်ပြင်သစ်တို့ ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ ၂၈ ကြိမ် ဆုံတွေ့ခဲ့ရာ ပေါ်တူဂီက (၆)ကြိမ်သာ အနိုင်ရထားပြီး (၃)ကြိမ် သရေကျကာ ၁၉ ကြိမ်ထိ ရှုံးနိမ့်ထား၍ အစဉ်အလာအရ ပြင်သစ်တို့က အသာရနေသော်လည်း အသင်းကြီးနှစ်သင်း ဆုံတွေ့မှုဖြစ်သောကြောင့် ပွဲချိန်အတွင်း သရေကျကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရကိန်းရှိနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက ပြင်သစ်ကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ငါးပွဲရလဒ်**

ပေါ်တူဂီ–နိုင်၊ နိုင်၊ နိုင်၊ ရှုံး၊ နိုင်

ပြင်သစ်–သရေ၊ နိုင်၊ သရေ၊ သရေ၊ နိုင်

## ပြင်သစ်အသင်းနှင့်အတူ ယူရို ၂၀၂၄ ဥရောပဖလား ချန်ပီယံဆုအား ရယူသွားလိုဟု ဂရစ်ဇ်မန်း ပြောကြား

**ပါရီ ဇူလိုင် ၄**

ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းက မိမိအနေဖြင့် အသင်းနှင့်အတူ ယူရို ၂၀၂၄ဥရောပဖလား ချန်ပီယံဆုအား ရယူသိမ်းပိုက်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်သစ်လက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သလို၊ ချန်ပီယံဆုရရှိရန်လည်း ရေပန်းစားဆုံးအသင်းတွင် ပါဝင်နေခဲ့သည်။



အသက်(၃၃)နှစ်အရွယ်ရှိ ဂရစ်ဇ်မန်းက ယူရို ၂၀၂၄ ပြိုင်ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲတစ်ပွဲပါ။ ကျွန်တော်အနေနဲ့လည်း အသင်းနဲ့အတူ ယူရို ၂၀၂၄ဥရောပဖလား ချန်ပီယံဆုရယူသွားလိုပါတယ်။ နောက်လာမည့် ပွဲစဉ်မှာလည်း အနိုင်ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါဟု ပြောသည်။

ပြင်သစ်လက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ဥရောပဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၆ရက် နံနက် ၁နာရီ ၃၀မိနစ်တွင် ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ဘိုင်ယန်မြူးနစ်အသင်းသည် ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ဂျာအိုပယ်လင်ဟာအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* မန်ချက်စတာယူနိုက်တက်အသင်းသည် ဒီလစ်အား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆွေးနွေးနေပြီဖြစ်သည်။
* ဘိုလော့နာအသင်း နောက်ခံကစားသမား ရီကာဒိုကာလာဖီအိုရီက မိမိအနေဖြင့် ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ (NGB)

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်)

နိုင်ကမ္ဘာ

**ဗင်နီဇွဲလား – ကနေဒါ**

ဇူလိုင် ၆ ရက်(စနေနေ့)နံနက် ၇း၃၀နာရီ

**နှစ်သင်း၏ နောက်ဆုံးတွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂-၆-၂၀၀၇ | ဗင်နီဇွဲလား | ၂-၂ | ကနေဒါ | (ခြေစမ်းပွဲ) |
| ၃၀-၅-၂၀၁၀ | ။ | ၁-၁ | ။ | ( ။ ) |

**နှစ်သင်း၏ ကွာတားဖိုင်နယ်အထိ ဖြတ်ကျော်မှု**

| | | | | | |
|---|---|---|---|---|---|
| အီကွေဒေါ | ၁-၂ | ဗင်နီဇွဲလား | အာဂျင်တီးနား | ၂-၀ | ကနေဒါ |
| ဗင်နီဇွဲလား | ၁-၀ | မက္ကဆီကို | ပီရူး | ၀-၁ | ကနေဒါ |
| ဂျမေကာ | ၀-၃ | ဗင်နီဇွဲလား | ကနေဒါ | ၀-၀ | ချီလီ |

အုပ်စုတွင်း ဘောလုံးခြေစွမ်းအရ ဗင်နီဇွဲလား သေချာပေါက်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဗင်နီဇွဲလား–ရှုံး၊ သရေ၊ နိုင်၊ နိုင်၊ နိုင်

ကနေဒါ–ရှုံး၊ သရေ၊ ရှုံး၊ နိုင်၊ သရေ

## မိတ္ထီလာမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

**မိတ္ထီလာ ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပြောကြား၍ မြစိမ်းရောင်ငွေစာရင်းထိန်းသိမ်းနည်းများအား သေချာမှတ်သား၍ စာရင်းများ ပုံမှန်ဖြည့်သွင်းကြရန်၊ စီမံကိန်း အောင်မြင်အောင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ စီမံကိန်းတာဝန်ခံ ဒေါ်အေးမြတ်မြတ်ဆွေက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်း၊ ကာလသတ်မှတ်ချက်များနှင့် ငွေစာရင်း ပုံစံ(၁၀)မျိုး ရေးသွင်းနည်း အသေးစိတ်အား ရှင်းလင်းပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ဆပ်ပြာကျင်းကျေးရွာအုပ်စု၊ ကန်ကြီးကုန်းကျေးရွာမှ ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ကိုးဦး၊ ညောင်မြင့်ကျေးရွာအုပ်စု၊ ပျော်ကုန်းကျေးရွာမှ ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦး၊ စုစုပေါင်း ၁၆ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(၄၆၉)





## ရေကြီးခြင်းနှင့် မြေပြိုခြင်း အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် ရေကြီးခြင်းနှင့် မြေပြိုခြင်း အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေး လုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဧရာဝတီမြစ်နှင့် ယောချောင်းဘေးနေထိုင်သူများ၊ ရေလမ်းဖြင့် ခရီးသွားပြည်သူများအား ရေကြီးရေလျှံခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များနှင့် မြေပြိုခြင်း အန္တရာယ် အစရှိသော ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြစ်သား ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက မင်းကုန်းရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြစ်သားမြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် သစ်ပင်စိုက်ပျိုးလိုစိတ်ဖြစ်ပေါ်လာပြီး သစ်ပင်များကို ချစ်ခင်မြတ်နိုးတန်းဖိုးထားတတ်စေရန်အတွက် စိန်တလုံး သရက်ပင် ၄၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)ရဲနိုင်ဦး(မြစ်သား)



## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှုအစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၇၅၊ ၄၇၆)၊ ထီးတန်းရပ်၊ ထီးတန်း၊ ပဲတန်းလမ်း၊ ၈၂လမ်းနှင့်၈၄လမ်းကြား၊ ထီးတန်းမွှောရုံရှေ့တွင် ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်ပိုင်များအသင်း၊ ဆန်လက်လီရောင်းချသူများက ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇူလိုင် ၅ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



## ကျောက်ဆည်မြို့တွင် မြို့မှ ထွက်ရှိသောအမှိုက်များ စွန့်ပစ်ရာတွင် အဓိကအသုံးပြုသည့် ကျောက်ဆည်-မင်းမွေးတောင်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဆည်မြို့မှထွက်ရှိသော အမှိုက်များ စွန့်ပစ်ရာတွင် အဓိကအသုံးပြုနေသည့် ကျောက်ဆည်-မင်းမွေးတောင်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၅၆၂ သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူပြီး အရည်အသွေးပြည့်မီစွာဖြင့် လမ်းအရှည် ပေ ၅၀၀၊ လမ်းအကျယ် ၁၂ ပေ၊ ထု ၉ လက်မ ကတ္တရာထပ်ပိုးလွှာ ပြန်လည်ခင်းပေးခဲ့ကြောင်းနှင့် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍစုံ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာပြီး လမ်းအသုံးပြုသူများ ချောမွေ့စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာဖွံ့ဖြိုးတိုးတက်စေရေး ဘဏ္ဍာနှစ်အလိုက် မြို့တွင်းလမ်းများ၊ တံတားများ၊ ရေပြွန်များ၊ ရေနုတ်မြောင်းများအား ပြန်လည်ပြုပြင်ခြင်း၊ လမ်းဘေး ဝဲ၊ ယာများတွင် သန့်ရှင်းရေးများပြုလုပ်ပြီး ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များအား ဆယ်ယူဖယ်ရှား ရှင်းလင်းခြင်းလုပ်ငန်းများအပြင် မြို့မှထွက်ရှိလာသော အမှိုက်များအား စနစ်တကျ သိမ်းဆည်းစွန့်ပစ်ပေးလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

သက်မောင်(ကျောက်ဆည်)

## တောင်သူများအား မျိုးစေ့၊ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်

**နမ့်စန် ဇူလိုင် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံး ငွေရင်းရန်ပုံငွေမှ မျိုးစေ့၊ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေသြဇာများအား တောင်သူများထံ ဆက်လက်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက အမှတ်(၅)ရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သည့် မျိုးစေ့၊ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေသြဇာများ နည်းစနစ်မှန်ကန်စွာနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဟိုင်းလိုက်၊ ဝမ်ပုံ၊ လွိုင်ယဲ၊ အမှတ်(၅)၊ မိုင်းစိတ်နှင့် မက်မွန်မုန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၅၀ ဦးအား ပြောင်း၊ စပါး၊ နေကြာနှင့် မြေပဲမျိုးစေ့စုစုပေါင်း ၇၀ ဧကစာ၊ ယူရီးယားကွန်ပေါင်းဓာတ်မြေသြဇာ ၁၄၀ အိတ်နှင့် မျိုးစေ့ချကိရိယာခုနစ်ခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀





## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(မန္တလေး)သင်တန်းဆင်းပွဲအကြို ညှိနှိုင်းဆွေးနွေး

**မန္တလေး ဇူလိုင် ၄**

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(မန္တလေး)အမှတ်စဉ်(၁၈)သင်တန်းဆင်းပွဲအကြို ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဥပဋ္ဌမကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက ဆပ်ကော်မတီများအလိုက် ဆွေးနွေးကြသည်။

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် အခမ်းအနားအစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ပြီး သင်တန်းသားသံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်မည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် အထူးပင့် မဟာထေရ်ဆရာတော်ကြီး ၉ ပါး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယကဆရာတော် ၉ ပါး၊ ကထိကနည်းပြဆရာတော် ၁၃ ပါး၊ သင်တန်းသား သံဃာ ၃၇ ပါး၊ စုစုပေါင်း ဆရာတော်၊ သံဃာတော် ၆၈ ပါး တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MR-CCI ၏ ၂၀၂၀-၂၀၂၃ ခုနှစ် သက်တမ်းနှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇူလိုင် ၇ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၃၄လမ်းနှင့် ၇၈လမ်းထောင့်၊ ရတနာပုံစူပါစင်တာ၊စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၄၅)

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သဘာဝဘေးကယ်ဆယ်ရေးအတွက် အသင့်ဆောင်ရွက်ထား

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနအနေဖြင့် ဧရာဝတီ မြစ်ရေမြင့်တက်လာခြင်းမှ ဖြစ်ပေါ်နိုင်သော သဘာဝဘေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇူလိုင် ၃ ရက်မှစတင်ကာ ခရိုင်၊ မြို့နယ်အလိုက် တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ အဆင်သင့်ဆောင်ရွက်ထားသည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအောက်မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၁၀၉၆ ဦးနှင့် မန္တလေးခရိုင်တွင် ကယ်ဆယ်ရေးလှေမျိုးစုံ ၂၃ စီးရှိပြီး မြစ်ကမ်းတစ်လျှောက်တွင် ၂၄ နာရီ တာဝန်ချထားကြောင်း ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဌေးဝင်းက ပြောသည်။

"မန္တလေး၊ သပိတ်ကျင်း၊ စဉ့်ကူး၊ မတ္တရာ၊ မြင်းခြံ၊ ညောင်ဦးစတဲ့မြို့တွေက ဧရာဝတီမြစ်နဲ့နီးကပ်ပြီး မြစ်ရေဝင်ရောက်နိုင်တဲ့ ရပ်ကွက်တွေထဲ မြစ်ရေဝင်နိုင်တဲ့ နေရာတွေမှာ ကြိုတင်သတိပေးတာတွေ လုပ်ထားပါတယ်။အရေးပေါ်ဖြစ်လာရင် ဘယ်လိုကူညီဆောင်ရွက်မလဲဆိုတဲ့ အစီအမံတွေ ရေးဆွဲထားပါတယ်"ဟု ၄င်းက ပြောသည်။

ရေကြီးရေလွှမ်းသည့် သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် ကူညီရေးလှေများ၊ စက်ပစ္စည်းများနှင့် သဲအိတ်များ အဆင်သင့်ထားရှိကြောင်း၊ သရက်တစ်ပင်ဆိပ်၊ မရမ်းခြံဆိပ်၊ ရှမ်းလေးကျွန်းဆိပ် စသည့် ကမ်းနားတစ်လျှောက်တွင် တာဝန်ချထားပြီး မြစ်ရေအခြေအနေကို ၂၄ နာရီစောင့်ကြည့်လျက်ရှိသည်။

"မြစ်ရေက ၇ ရက်လောက်မှ မန္တလေးဘက်ရောက်လာနိုင်မယ် ခန့်မှန်းပေမယ့် အရှိန်ပြင်းပြင်းနဲ့ဆိုရင် စောချင်စောလာနိုင်တာကြောင့် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတဲ့အပြင် မြစ်ရေအမှတ်တွေကိုလည်း အချိန်နဲ့အမျှစောင့်ကြည့်နေပါတယ်။ အရေးပေါ်ဖြစ်လာရင် အမြန်ဆုံးကယ်တင်ကူညီနိုင်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် အစီအမံတွေ ရေးဆွဲထားပါတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မြစ်ရေဝင်ရောက်နိုင်သည့် ရပ်ကွက်များနှင့် နှစ်စဉ်ရေဝင်ရပ်ကွက်များတွင် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ကြိုတင်သတိပေးခြင်းများ ဆောင်ရွက်ထားကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပရဟိတအဖွဲ့များနှင့် ချိတ်ဆက်ထားရှိပြီး အရေးပေါ်အခြေအနေတွင် စုဖွဲ့ကူညီနိုင်ရေးအတွက် စီစဉ်ထားရှိကြောင်းသိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)





## စပါးနှင့်ပြောင်းသီးနှံများ အထွက်နှုန်းတိုးတက်ရရှိရေး စနစ်တကျစိုက်ပျိုး

**ပုဗ္ဗသီရိ ဇူလိုင် ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥယျာဉ်ကျေးရွာမှ တောင်သူ ဦးဌေး၏ လယ်ယာမြေတွင် စပါးနှင့်ပြောင်းသီးနှံ အထွက်နှုန်းတိုးတက်ရရှိရေးအတွက် စနစ်တကျ ထွန်ယက်ကာ ဇူလိုင် ၁ ရက်က စိုက်ပျိုးခဲ့သည်။

အဆိုပါစိုက်ပျိုးခြင်းအတွက် တောင်သူ ဦးဌေးက စပါးနှင့်ပြောင်းသီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး၊ မိုးရာသီတွင် မိုးစပါးစိုက်ခင်းများအားလုံး အတန်းလိုက်စနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး ယခင်နှစ်က တစ်ဧက ပျမ်းမျှ စပါး ၆၅ တင်း ထွက်ရှိခဲ့ရာ၊ ယခုနှစ်တွင် တစ်ဧက ခန့်မှန်း စပါးတင်း ၁၁၀ ထွက်ရှိအောင် စနစ်တကျ ကြိုးစားစိုက်ပျိုးခဲ့ကြောင်း၊ ၈၀၈ ပြောင်းမျိုးစေ့ချ စိုက်ပျိုးခြင်းကိုလည်း အလားတူ အထွက်နှုန်း တိုးတက်ရရှိရေး မျိုးကောင်းမျိုးသန့်ရွေးချယ်ကာ စနစ်တကျ စိုက်ပျိုးထားကြောင်း ဥယျာဉ်ကျေးရွာမှ တောင်သူ ဦးဌေးက ပြောသည်။(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ပြောင်းလဲသုံးစွဲလာတာကြောင့် ပြည်တွင်းဆီစက်များ ပြန်လည်ထုတ်လုပ်အားကောင်းလာ



ပဲဆီ၊ နေကြာဆီများကို ပြောင်းလဲသုံးစွဲလာတာကြောင့် ပြည်တွင်းဆီစက်များပြန်လည်ထုတ်လုပ်အားကောင်းလာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းစားအုန်းဆီ တင်သွင်းမှု လျှော့ချထားတာကြောင့် ဆီစားသုံးမှုမှာ ပဲဆီ၊ နေကြာဆီများကို ပြောင်းလဲသုံးစွဲမှု မြင့်မားလာတာကြောင့် ရပ်နားထားသည့် ပြည်တွင်းဆီစက်များ ပြန်လည်ထုတ်လုပ်အား ကောင်းနေခြင်းဖြစ်သည်။

ဇွန်လကုန်ပိုင်းက ဈေးကျဆင်းမှုရှိနေသည့် ပို့ကုန်ပဲများမှာ ဇူလိုင်လဆန်းတွင် အနည်းငယ်ဈေးပြန်မြင့်တက်လာကြောင်း ပြည်တွင်းသုံးကုလားပဲများနှင့် ပဲမာလိုင်းများမှာ ဈေးငြိမ်နေသည်။ ဇူလိုင်လဆန်းပိုင်းတွင် အသစ်ဝင် မတ်ပဲများမှာ အရည်အသွေး အနည်းငယ်ကျဆင်းမှုရှိတာကြောင့် ဈေးအနည်းငယ် လျှော့ကျနေကြောင်း၊ ပြည်တွင်းဆီစားသုံးမှုပုံစံမှာ ပဲဆီကို ပိုမိုစားသုံးလာတာကြောင့်လည်း မြေပဲဆန်အရောင်းအဝယ်မှာ ပဲ၊ နှမ်း ဈေးကွက်အတွင်း အသွက်ဆုံးဖြစ်နေကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ဇွန်လကုန်ပိုင်းက ဈေးအနည်းငယ်ကျဆင်းမှုရှိနေတဲ့ ပို့ကုန်ပဲများ ဈေးအတက်အကျ အနည်းငယ်သာရှိပြီး ဈေးတည်ငြိမ်နေပါတယ်။အသစ်ဝင် မတ်ပဲများမှာ အရည်အသွေး အနည်းငယ် လျှော့ကျလို့ ဈေးလည်း လျှော့ပါတယ်။ လက်ရှိမှာ မြေပဲဆီရောင်းအားကောင်းနေလို့ မြေပဲဆန် တစ်မျိုးသာ အရောင်းအဝယ်သွက်နေပါတယ်။ မန္တလေးပဲဈေးကွက်ထဲကို အညာမြေပဲဆန်များ အဝင် နည်းနည်းချင်းသာ ဝင်ရောက်နေပါတယ်။ ဆီစက်ပိုင်များ၏ ဝယ်လိုအားနဲ့ မျှတနေလို့ ဈေးထူးထူးခြားခြား တက်တာမျိုးတော့မရှိပေမယ့် မန္တလေးဈေးကွက်တွင်သာ မြေပဲဆန် လက်ကျန်ရှိတော့တယ်။ လက်ရှိမှာ တရုတ်လိုင်းတင်ပို့မှုကလည်း ရပ်နားနေပါတယ်။ အခြားပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများကတော့ ဈေးငြိမ်နေပါတယ်" ဟု ၄င်းကပြောသည်။

ဇူလိုင် ၄ ရက်တွင် ပို့ကုန်မတ်ပဲမှာ အသစ်ဝင်ရောက်မှုများနှင့်အတူ အနည်းငယ် ဈေးကျဆင်းနေရာ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၀၆၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ဈေးတည်ငြိမ်နေရာ ဇူလိုင် ၄ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀ အသီးသီး ပေါက်ဈေးရှိလာသည်။ **(ဝဲပုံ)**

ပဲနှမ်းဈေးကွက်အတွင်း မြေပဲဆန်တစ်မျိုးသာ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေသည်။ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိနေသည်။

ဇူလိုင် ၄ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ် ဆက်လက်မြင့်တက်လာရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၉၅၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပန်းနှမ်း တစ်အိတ်လျှင် ၂၀၇၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။**(မန္တလေးနေ့စဉ်-၆)**



## ကြက်သွန်နီဈေးကွက် အနည်းငယ်မြင့်တက်လာ

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ကြက်သွန်နီများကို အိန္ဒိယ၊ ဗီယက်နမ်နှင့် အခြားနိုင်ငံအချို့မှ ဝယ်ယူလျက်ရှိရာ ယခုလပိုင်းတွင် ဝယ်ယူမှုများရှိလာသောကြောင့် ကြက်သွန်နီဈေးကွက် အကျဘက် ရောက်ရှိလာကြောင်း ကြက်သွန်နီပွဲရုံများမှ စုံစမ်းသိရှိရသည်။

"အခုရက်ပိုင်းမှာ အကျဈေးကနေ ပျမ်းမျှ တစ်ပိဿာကို ငွေကျပ် ၁၀၀ ကနေ ၂၀၀ လောက် ဈေးတက်လာတယ်။ ကြက်သွန်နီ ဈေးအတက်အကျက ပြည်ပဝယ်လိုအားနဲ့ ထွက်ရှိမှုအပေါ်မူတည်တယ်။ ကြက်သွန်နီ အရွယ်အစားနဲ့ ထွက်တဲ့ဒေသအလိုက် ဈေးကွာခြားမှုရှိတယ်" ဟု မန္တလေး ကိုင်းတန်းဈေးမှ ကြက်သွန်နီပွဲရုံပိုင်ရှင် တစ်ဦးက ပြောသည်။

ကြက်သွန်နီထွက်ရှိရာ မြင်းခြံ၊ မုံရွာ၊ မြစ်သား တို့တွင် လက်ကားဈေး တစ်ပိဿာ ၁၅၀၀ မှ ၂၁၀၀ ဝန်းကျင်၊ မုံရွာ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၁၇၀၀ မှ ၂၀၀၀ ဝန်းကျင်၊ မြစ်သား တစ်ပိဿာအသစ် ငွေကျပ် ၁၈၀၀ မှ ၂၃၀၀ ဝန်းကျင် အရွယ်အစားအလိုက် ပေါက်ဈေးရှိပြီး ယခုလတွင် တစ်ပိဿာ ပျမ်းမျှ ငွေကျပ် ၁၀၀ မှ ၂၀၀ ခန့် မြင့်တက်လာသည်ဟု ဆိုသည်။

သင်္ကြန်ပြီးနောက်ပိုင်း ဈေးတက်လာပြီး ဇွန်လထဲမှာ ဈေးငြိမ်နေတယ်။ ဒီလဆန်းပိုင်းမှာ ဈေးနည်းနည်း တက်လာတယ်။ ပြည်ပတင်ပို့တဲ့အခါ အရွယ်အစားနဲ့ အရည်အသွေးကို ရွေးရတယ်။ ရန်ကုန်ကနေ ပြည်ပကို တင်ပို့မှုကြောင့် ရန်ကုန်ဘုရင့်နောင် ဈေးကွက်အနေအထားကို စောင့်ကြည့်ပြီး နယ်ပွဲရုံတွေက ဈေးဖွင့်ကြတာ" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ကြက်သွန်နီဈေးကွက်တွင် မိုးရာသီ၌ ဈေးကျတတ်သည့် အခြေအနေမျိုးရှိခြင်းနှင့် ပြည်ပဝယ်လိုအား မရှိတော့ခြင်းတို့သည် ဈေးကွက်အကျဘက် ရောက်ရှိပြီး၊ အချို့ကုန်သည်များက အကျဘက်ရောက်ချိန် ဝယ်ယူသိုလှောင်မှုများလည်းရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## ကြက်သွန်ဖြူဈေးကျနေသော်လည်း အရောင်းအဝယ်ပါး



ကြက်သွန်ဖြူဈေးကျနေသော်လည်း အရောင်းအဝယ်ပါးကြောင်း မန္တလေးမြို့က ဈေးချိုတော်တွင် ကြက်သွန်ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

သင်္ကြန်ကာလသည် ကြက်သွန်ဖြူထွက်သည့်ကာလဖြစ်သဖြင့် ထိုအချိန်မှစ၍ ကြက်သွန်ဖြူဈေးကျလာခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကြက်သွန်လာရောက်ဝယ်ယူမှုနည်းပါးနေသည်ဟု ကြက်သွန်ပွဲရုံလုပ်ကိုင်သူတစ်ဦးက ပြောသည်။ လက်ရှိဈေးကွက်တွင် ရှမ်းကြက်သွန်၊ ဗမာကြက်သွန်နှင့် တရုတ်ကြက်သွန်ဟူ၍ သုံးမျိုးရှိပြီး ကြက်သွန်ဖြူတစ်ပိဿာလျှင် အကြီးအသေးအမျိုးအစားပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ မှ ၁၅၀၀၀ ဝန်းကျင်ပေါက်ဈေးရှိသည်။ "အခုအရောင်းအဝယ်မကောင်းတော့ ဈေးကျတယ်။ ကြက်သွန်ဖြူက သင်္ကြန်ပတ်ဝန်းကျင်မှာ ပေါ်တယ်။

ဇန်နဝါရီ၊ ဖေဖော်ဝါရီလပိုင်းမတိုင်ခင် ဒီဇင်ဘာ၊ နိုဝင်ဘာမှာကတော့ အရှားဆုံးပဲ။ အခုဈေးက ကြက်သွန်အဖြူ၊ အနီအကုန်ကျနေတယ်လို့ပြောလို့ရတယ်။ ကြက်သွန်လည်း အချိန် ၁၀၀ လှောင်ရင် အချိန် ၁၀၀ ပြန်မရဘူးလေ။ အဲလိုမှမဟုတ်ဘဲ နိုင်ငံခြားဝယ်လက်တွေရှိတယ်ဆိုရင်တော့ ဈေးတက်ပါတယ်"ဟု ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ကြက်သွန်ဖြူစားသုံးမှုအား ၆၀ ရာခိုင်နှုန်းကျော်သည် တရုတ်ကြက်သွန်ဖြူကို စားသုံးကြပြီး ပုံမှန်ကာလတွင် ရှမ်းကြက်သွန်များပေါ်လာပါက တရုတ်ကြက်သွန်ဖြူဈေးကျလေ့ရှိသော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် လမ်းစရိတ်ကြီးမြင့်မှုကြောင့် ရှမ်းကြက်သွန်ဈေးနှင့် တန်းတူဈေးတန်းဖြစ်နေသည်ဟု သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

## စားဖိုဆောင်သီးနှံဖြစ်သည့် ဂေါ်ဖီထုပ်များ ဈေးကျဆင်း

စားဖိုဆောင်သီးနှံဖြစ်သည့် ဂေါ်ဖီထုပ်များမှာ ဇွန်လဆန်းပိုင်းလောက်မှစတင်၍ မထင်မှတ်သည့်ဈေးအထိ မြင့်တက်ခဲ့ရာမှ ယခုလဆန်းပိုင်းတွင် ဈေးပြန်လည်ကျဆင်းလာကာ နှစ်ပိဿာနီးပါးအရွယ် ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ငွေကျပ် ၄၅၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်း သိရသည်။ **(အောက်ပုံ)**



ဂေါ်ဖီထုပ်သည် စားဖိုဆောင်နှင့် စားသောက်ဆိုင်များမှ ဝယ်လိုအားအပေါ် ဈေးကွက်လိုအပ်ချက်ရှိသလောက် ကုန်ကြမ်းမရှိ၍ ဈေးကွက်အတွင်း ကုန်ဝင်နည်းပါးကာ ဈေးမြင့်တက်ခဲ့ကြောင်း ရှမ်းပြည်နယ်၊ အောင်ပန်းဒေသမှ သီးနှံပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"ပင်လောင်းဒေသမှာ ဂေါ်ဖီထုပ် အများဆုံးစိုက်ပျိုးကြတယ်။ အခြေအနေတွေကြောင့် တော်တော်များများ မစိုက်ပျိုးနိုင်တော့ ဂေါ်ဖီထုပ် အထွက်နည်းသွားချိန်မှာ ဈေးကွက်လိုအပ်ချက်များတော့ ငွေကျပ် ၁၅၀၀ ဝန်းကျင်ကနေ ၆၀၀၀ ဝန်းကျင်ထိ ဖြစ်သွားခဲ့တယ်။ ခုတော့ ဈေးပြန်ကျသွားပြီ" ဟု ၄င်းကပြောသည်။

ဈေးကွက်လိုအပ်ချက် ကြီးမားသောကြောင့် လက်ဦးမှုရယူကာ ဈေးပြိုင်ပေးဝယ်ယူကြရာမှ ဈေးမြင့်တက်ခဲ့ကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရာတွင် လုပ်သားရှားပါးခြင်း၊ မိုးရာသီဖြစ်၍ မိုးရေကြောင့် အပျက်အစီးများပြားခြင်းတို့သည် ဂေါ်ဖီထုပ် ဈေးကွက်ကို သက်ရောက်စေခဲ့သည်ဟု ဆိုသည်။

ဂေါ်ဖီထုပ်ဈေးကွက်တွင် ပုံမှန်အရ နှစ်ပိဿာ အရွယ်ခန့်ဆိုလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိသော်လည်း ယခင်နှစ် မိုးရာသီထက် ဂေါ်ဖီထုပ် အထွက်နှုန်းများကျဆင်းကာ ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းမပေးနိုင်ခဲ့ကြောင်း၊ ဂေါ်ဖီထုပ် စိုက်ပျိုးထုတ်လုပ်မှုတွင် အပျက်အစီး၊ အထိအခိုက် များပြားခြင်းကြောင့် စိုက်ပျိုးတောင်သူများအနေဖြင့် ထွက်နှုန်းကောင်းအောင် စိုက်ပျိုးကြရကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကျိုင်းတုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်က ကလေးသူငယ်များ အတန်းပညာနှင့် အတွေ့အကြုံဗဟုသုတများ ပြည့်စုံစေရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် ဆက်စပ်နှီးနွယ်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများသာမက ပြည်သူလူထုနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။



ထို့နောက် တက်ရောက်လာကြသည့် ခရိုင်အဆင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ကလေးသူငယ်များအားလုံး အနာဂတ်မှာ နိုင်ငံသားကောင်း၊ သမီးကောင်းရတနာများပေါ်ထွန်းလာရေးနှင့် ကလေးသူငယ်များ အကျိုးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

## စာဖတ်ရှုန်မြှင့်တင်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ စာအုပ်စာစောင်ပြသခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှုန်မြှင့်တင်ရေးအတွက် စာအုပ်စာစောင်ပြပွဲနှင့် Mobile စာကြည့်တိုက်လုပ်ငန်းများကို ယနေ့ နံနက် ၁၀နာရီက တံတားဦးမြို့နယ် ဘလှဲဘကျေးရွာအုပ်စု အုတ်ကျုတ်ဖိုကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် အုတ်ကျုတ်ဖိုကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ ဦးအောင်ကျော်မိုးက စာဖတ်ရှုန်မြှင့်တင်ရေး၌ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ အာဇာနည်နေ့ အကြောင်းအရာများနှင့် ဗဟုသုတတိုးပွားရရှိစေရေးအတွက် စာဖတ်ရှုသည့် အလေ့အကျင့်များရရှိရေးတို့ကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား ကလေးကဗျာများ၊ ရုပ်ပြများ၊ ပုံပြင်များ၊ ကာတွန်းစာစောင်များစသည့် ကလေးစာပေများကို ဖတ်ရှုစေခဲ့သည်။

ထို့နောက် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး စသည့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**ရဲတင့်(ပြန်/ဆက်)**



## ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ကလော ဇူလိုင် ၄**

စာဖတ်ရှုန်မြှင့်တင်ရေး ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတများရရှိစေရန်အတွက် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက ကဗျာရွတ်ဆိုပြိုင်ပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးက ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ်(၁၉)၊ စာစောင်ထဲမှစာရေးဆရာ မောင်ထည်ဝါ(ပျော်ဘွယ်)ရေးသားသည့် စာကြည့်တိုက်ကဗျာခေါင်းစဉ်ဖြင့် အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများတိုးပွားစေရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုမှတ်သားခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## သုခချမ်းသာ အဖြာဖြာ ရရှိကြပါစေ

\- - - - - - -

* နှစ်လရာသီ နာရီများစွာ
ပြောင်းကာရွေ့ကာ ရှိနေပါသည်
နွေမှသည်မိုး မိုးနှောင်းပြီးတော့
ဆောင်းလရာသီ ရောက်ခဲ့လေပြီ။

* ရာသီပြောင်း၍ ရွက်ဟောင်းညှာကြွေ
ရွက်သစ်ဝေသည် နွေဦးကာလ
ခါသမယ ရောက်ရပြန်လေပြီ။

* ရာသီတွေပြောင်း အချိန်ညောင်းတော့
မပြောင်းလဲတာ ဘာများရှိလဲ
သင့်စိတ်ထဲမှာ တွေးတောကြည့်ပါ။

* သင်၏ခန္ဓာ သင့်ရုပ်လွှာသည်
မတည်မမြဲ ပြောင်းလဲနေတာ
ပျက်နေတာကို ဂရုပြုကာ
စိတ်မှာထားလို့ တရားအသိ
ရှိကြပါစေ တောင်းဆုခြွေသည်။

* ဇရာသဘော စောကြောဝေဖန်
ငြင်းဆန်မရ သခ်ီရလို့
ဘာမျှမပါ ချန်ကာထားလို့
သွားကြရမှာ ဧကန်ပါ။

* တစ်နေ့ကွယ်ကာ သေနယ်ရွာသို့
ငါတို့တစ်တွေ မလွဲမသွေ
သွားရပေမည် တားမရလေပြီ။

* အချိန်ရှိခိုက် လုံ့လစိုက်၍
မိုက်မဲမနေ ဖွေရှာကုသိုလ်
ကိုယ့်နောက်ပါရာ လုပ်သင့်တာကို
လုပ်ဆောင်ကြပါ တိုက်တွန်းပါသည်
ချမ်းသာသုခ ရစေသော်ဝ် ။ ။

**ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)**



## သတင်းပဒေသာ

### ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ကျန်းမာရေးဦးစီးဌာနမှ မွေးကင်းစကလေးငယ်များနှင့် အသက်(၂)လမှ (၂)နှစ်အောက် ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးပေးခြင်းကို ယမန်နေ့ နံနက် ၇နာရီတွင် ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် မြို့တော်ခန်းမတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများလုပ်ငန်းညှိနှိုင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို နောင်မြိုင်းကျေးရွာအုပ်စုရှိ လွိုင်စယ်ဘုန်းတော်ကြီးကျောင်းဝင်းတွင် ယမန်နေ့ နံနက်၇နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပြေးခုန်ပစ် အားကစားပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက်ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ အ·ထ·က(နမ့်စန်)ဘောလုံးကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) တို့ပူးပေါင်း၍ စာရေးဆရာ ဇန်းမော်တင်အောင် ရေးသားသော "ငြေ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်းငှားရမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ ဗဟုသုတရရှိစေရန် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စဉ်းစားတွေးခေါ်မှုဉာဏ်များ ရင့်သန်လာစေရန်၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာကြည့်တိုက်သို့ မလာရောက်နိုင်သော စာပေချစ်မြတ်နိုးသူများအတွက် ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများအရောက် စာအုပ်၊ စာစောင်များကို နယ်လှည့်ကွင်းဆင်း ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မိုးသီးနှံ စိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ စစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံ စိုက်ပျိုးထားရှိမှု အခြေအနေများအား မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ဇွန် ၂၉ ရက် နံနက် ၈နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေစည်းခုံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်



**ညောင်ဦး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ရွှေစည်းခုံစေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်လျက်ရှိရာ ကျန်ရှိနေသော ရွှေစည်းခုံစေတီတော်၏ ကြာခံကြီး၊ ကြေးဝန်း၊ ရှစ်မြှောင့်ချိုး၊ အရံစေတီ လေးဆူနှင့် အထက်ပစ္စယံရှိ ရွှေမိုက်များအား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခြင်းကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီခွဲက ရွှေစည်းခုံစေတီတော် အင်္ဂါထောင့်မဏ္ဍပ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌ ဦးကျော်မြင့်က ရွှေမိုက်ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)က ရွှေမိုက်လေလံစည်းကမ်းချက်များအားရှင်းလင်းပြောကြားရာ ရွှေမိုက်လေလံပွဲသို့တက်ရောက်လာကြသူများက မရှင်းလင်းသည်များကို ဆွေးနွေးမေးမြန်းကြရာ ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကြပြီး ရွှေမိုက်လေလံပွဲအား စတင်ကျင်းပခဲ့သည်။

ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပြီး ကြာမှောက်၊ ကြာလန်နှင့် ရွဲတို့မှအပ ရွှေစည်းခုံစေတီတော်ကြီးအား မျက်ပါးရွှေဆိုင်း ၂၆၀၀၀ ဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ နှစ်လက်မပတ်လည် မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် တစ်သိန်းခွဲဖြင့် ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ရုံးသို့ တိုက်ရိုက်ဖြစ်စေ၊ ညောင်ဦးခရိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံတွင်လည်း KBZ Pay တို့ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

## မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူရေး ငွေလှူဒါန်း

**ညောင်ဦး ဇူလိုင် ၄**

မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ကျင်းပမည်ဖြစ်သည်။

အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း အပါအဝင် နာယက ဆရာတော် ၁၃ပါး၊ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်း ရဟန်းပညာရှိ ၄၄ပါးတို့အား မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ လှူဒါန်းသည့် ဝါဆိုသင်္ကန်းနှင့်နဝကမ္မ အလှူငွေများ လှူဒါန်းခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ဝါဆိုမည့် စာသင်သား သံဃာတော် ၃၈၂ပါးတို့အား တစ်နေ့တာဆွမ်းခဲဖွယ်ကပ်လှူ၍ ရေစက်သွန်းချသာဓုအနုမောဒနာ ခေါ်ဆိုကာ လှူဒါန်းကြမည်ဖြစ်သည်။

အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်းများက ငွေများလှူဒါန်းကြရာ ဇူလိုင် ၂ရက်က သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ+အဂ္ဂမဟာသီရိသုဓမ္မဒေါ်မြင့်မြင့်နွယ်က ငွေကျပ် ၁၀သိန်း၊ ကိုမြကျော်စွာဝင်း (တော်ဝင်စိန်တိုက်)က ငွေကျပ် ၁၀ သိန်း၊ ဦးခင်မောင်ချို+ဒေါက်တာဒေါ်ဥမ္မာ(KMC) က ငွေကျပ် ငါးသိန်း၊ ဒေါ်စန်းစန်းလွင်နှင့်အဖွဲ့ (ရူပဗေဒ)က ငွေကျပ် သုံးသိန်း ငါးသောင်း ငါးထောင်တို့ကို လှူဒါန်းရာ ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးကော်မတီက လက်ခံရယူခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ မန္တလေးတက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားဟောင်းများ ပါဝင်တက်ရောက်လှူဒါန်းကြရန် ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(အောက်ပုံ)**

(ကဆ)



## ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ဆေးတိုက်ကျွေး

**တံတားဦး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ဆေးတိုက်ကျွေးခြင်းကို ဇူလိုင် ၁ရက် ညနေ ၄နာရီခွဲက အမှတ်(၁)ရပ်ကွက် သာဂေါင်ရပ်တွင် စတင်တိုက်ကျွေးသည်။

ဆင်ခြေထောက်ရောဂါကင်းဝေးရေး ဆေးတိုက်ကျွေးရာသို့ တံတားဦးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းတိုက်ကျွေးကြသည်။

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးကို အသက်(၂)နှစ်မှ (၅)နှစ်အထိ ကလေးငယ်များကို သန်ချ ဆေးတစ်ပြားနှင့် ဆင်ခြေထောက်ရောဂါ ဆေးပြားတစ်ပြား စုစုပေါင်း နှစ်ပြား၊ အသက်(၆)နှစ်မှ (၁၄)နှစ်ရှိသူများကို သန်ချဆေးတစ်ပြားနှင့် ဆင်ခြေထောက် ရောဂါဆေးနှစ်ပြား၊ စုစုပေါင်း သုံးပြား၊ အသက် (၁၅)နှစ်ထက်ရှိသူများကို သန်ချဆေး တစ်ပြားနှင့် ဆင်ခြေထောက်ရောဂါ ဆေးသုံးပြား၊ စုစုပေါင်း လေးပြား တိုက်ကျွေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ ရောဂါတစ်ခုခုကို ဆိုးရွားစွာခံစားနေသူမှအပ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအားလုံး ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။ (၄၀၉)

## နယ်စပ်၊ တောင်တန်းဒေသရှိ သာသနာပြုကျောင်းသို့ ဝါဆိုဆန်နှင့် ဝါဆိုသင်္ကန်းများလှူဒါန်းမည်ဖြစ်ရာ အများပြည်သူ ပါဝင်လှူဒါန်းနိုင်

**မန္တလေး ဇူလိုင် ၄**

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲသော နယ်စပ်၊ တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသတွင် သာသနာပြုနေသော ဘုန်းကြီးကျောင်း ၁၇၈၀ ကျောင်းမှ သီတင်းသုံးနေသော သံဃာတော်များကို ဝါတွင်းသုံးလ အစားအသောက် အခက်အခဲမရှိစေရန် ဝါဆိုဆန်နှင့် ဝါဆိုသင်္ကန်းများ လှူဒါန်းမည်ဖြစ်သည်။

"ဒီနှစ် သာသနာပြုဘုန်းကြီးကျောင်း ၁၇၈၀ ကျောင်းကို ဝါဆိုဆန်အပြင် ဝါဆိုသင်္ကန်လည်း လှူဒါန်းသွားမှာပါ၊ ကျောင်းတစ်ကျောင်းကို ဝါဆိုဆန် တစ်အိတ်နဲ့ ဝါဆိုသင်္ကန်း တစ်ထည် လှူဒါန်းမှာပါ၊ အများပြည်သူအနေနဲ့ ဝါဆိုဆန်တစ်အိတ်ကို တစ်သိန်း၊ ဝါဆိုသင်္ကန်းတစ်ထည်ကို ငွေကျပ်သုံးသောင်းနှုန်းနဲ့ ပါဝင်လှူဒါန်းနိုင်ပါတယ်" ဟု နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

အဆိုပါ ဝါဆိုဆန် လှူဒါန်းမှုတွင် ကုသိုလ်ပြု ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဝါဆိုဆန် တစ်အိတ်လျှင် ငွေကျပ်တစ်သိန်း၊ ဝါဆိုသင်္ကန်းတစ်ထည်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်ဖြစ်စေ၊ မိမိတတ်စွမ်းသမျှ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ရာ ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂ ၅၂၂၊ ၀၉-၆၆၀၈၅၀ ၃၉၉၊ ၀၉-၇၅၁၅၁၆၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကဆ)

# အနာဂတ်ပန်းတို့ လန်းရာမြေ



၁၉၈၀ပြည့်နှစ် ဝန်းကျင်ကာလက ဖြစ်သည်။ အနယ်နယ် အရပ်ရပ်မှ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းရောက်ရှိလာကြသော အိမ်ထောင်စုများသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားရွာတောင်ဘက်ဒေသကို စုဖွဲ့အခြေပြုကြသည်။

ဒုဋ္ဌဝတီမြစ်အေး သစ်ပင်ဝါးပင်စိမ်းစိုသာယာဖွယ် မြေဆီမြေသြဇာကောင်းမွန်သော ရေခံမြေခံသဘာဝတောတောင် ရေမြေပတ်ဝန်းကျင်ကောင်းဖြစ်၍ နောင်တွင် 'အနာဂတ်ပန်းတို့ လန်းရာမြေ' ဟု စိတ်ကူးယဉ်အိပ်မက်မျှော်လင့်ချက်များစွာ ထားရှိခဲ့ကြသည်။

ငါန်းဇွန်မြို့နယ်၊ သူနတ်စင်ကျေးရွာ၊သာပေါင်းကျေးရွာ၊ ကျောက်တိုင်ကျေးရွာ၊ ခြသေ့်လက်ကျေးရွာ၊ ဘုံသာကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ ရွာသာယာကျေးရွာ၊ ကျွဲနဖားကျေးရွာ၊ တံတားဦးမြို့နယ်နှင့် ပုဂံညောင်ဦး၊ ပုပ္ပားဒေသတို့မှ အိမ်ထောင်စုများပါဝင်ပြီး သစ်ဝါးခုတ်လုပ်ငန်း၊ သိုး၊ဆိတ်မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ ရှမ်းတိုင်းရင်းသားများ အပါအဝင် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ အိမ်ထောင်စု ၄၀သာရှိသည်။ ရွာအမည် ကံတည်ဖြစ်သည်။

ကံတည်ရွာ၏သမိုင်းကြောင်းမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ပုဂံခေတ် ပုဂံပြည့်ရှင် အနော်ရထာမင်းက ပြည်နှင်ဒဏ်ပေးလိုက်သော မိဖုရားစောမွန်လှသည် ဇာတိရှမ်းပြည်သို့အပြန် ရွှေစာရံဒေသ၌ ဘုရားတည်နေကြောင်းကို အဘိုးဖြစ်သော စော်ဘွားကြီး စဝ်ကြာအုံ ကြားသိရသဖြင့် လာရောက်ကြိုဆိုသည်။ ကြိုဆိုရင်း ကုန်းမြေမြင့်တစ်နေရာ၌ စေတီတစ်ဆူတည်ထားကိုးကွယ်သည်။ အောင်စကြာဇေယျဟု ဘွဲ့မည်တွင်သည်။ အဆိုပါ ဘုရားကုန်းတော်နေရာမှာ ယခု မာဘယ်ကျောက်ပြားစက်ရုံ၏တောင်ဘက် အင်းထိပ်ဖြစ်သည်။ ထိုစေတီတည်စဉ်ကာလက ရေကန်အသစ်တည်ခဲ့ရာ ကန်တည်အမည်ရှိသော ကျေးရွာပေါ်ပေါက်ခဲ့ဖူးသည်။ 'ကန်တည်'မှ ကာလရွေ့လျား၍ 'ကံတည်'ဟု အမည်တွင်ခဲ့သည်။

ကံတည်ကျေးရွာ၏ ကံတည်တောရကျောင်းသည် ၈ ဒသမ ၂၅ ဧက ကျယ်ဝန်းပြီး ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရာ ချုံနွယ်ပိတ်ပေါင်းများဖြင့် အုတ်ပုံကြီးများသာ ကျန်ရှိခဲ့သည်။ ကျွဲနဖားရွာမှ ဘိုးထွန်းမြတ်သည် ဦးအောင်သုခသိဒ္ဓိအမည်ဖြင့် ရသေ့ဝတ်ကာ ကံတည်ဘုရားကုန်းတွင် အဓိဋ္ဌာန်ဆောက်တည်၍ နယ်လှည့်သာသနာပြုခဲ့သည်။ ထို့နောက် ဦးသူရိယ ဘွဲ့အမည်ဖြင့် ရဟန်းဝတ်ကာ သာသနာပြုခဲ့ရာ ဒုဋ္ဌဝတီသာသနာပြု ဘဘုန်းဟု ထင်ရှားခဲ့သည်။ ဒုဋ္ဌဝတီဒေသ တစ်ခွင် သာသနာပြုရင်း ကံတည်ဒေသ ရှေးဟောင်းဘုရားစေတီငါးဆူကို ကျွဲနဖားကျေးရွာနှင့်မန္တလေးမြို့၊ အမရပူရမြို့တို့မှ ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြုပြင်မွမ်းမံခဲ့သည်။ ဆရာတော် ဦးသူရိယသည် ကံတည်တောရကျောင်း၌ (၂၅)နှစ်တိုင်တိုင် သာသနာပြုသီတင်းသုံးတော်မူခဲ့ပြီး ပျံလွန်တော်မူခဲ့ရာ ယခုလက်ရှိ ဆဋ္ဌမမြောက် ကျောင်းထိုင်ဆရာတော်မှာ ဘဒ္ဒန္တပညာသာမိ(စာရေးသူ)ဖြစ်ပါသည်။

ကံတည်ကျေးရွာကလေးသည် ဇနပုဒ်ကျေးရွာကလေးမျှသာဖြစ်၍ ကျွဲနဖားကျေးရွာ၊ကျောက်ချောရွာကြီးတို့နှင့် သုံးမိုင်ခန့် ကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲကြမ်းတမ်းသဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပညာရေး အဘက်ဘက်က နောက်ကျခဲ့သည်။ ဒုဋ္ဌဝတီမြစ်အနောက်ဘက်ကမ်းတွင် အခြေခံပညာကျောင်းရှိသော်လည်း မြစ်ရေကြီးချိန် အန္တရာယ်ရှိလွန်းသဖြင့်လည်းကောင်း၊ ရွှေစာရံ၊ အုန်းချော အခြေခံပညာကျောင်းများရှိသော်လည်း အလွန်အလှမ်းဝေးသဖြင့်လည်းကောင်း၊ ရင်သွေးငယ်များမှာ ကျောင်းနေရမည့်အရွယ် ပညာမသင်ကြားရဘဲ ပညာအလင်းပျောက်ကွယ်ခဲ့ကြရသည်။ မိုးလင်းမှသည် မိုးချုပ်အထိ နွားကျောင်းရင်း၊ ထင်းခုတ်ရင်း၊ တောင်ယာလုပ်ရင်း စာမတတ်၊ ပေမတတ် ပညာမဲ့ခဲ့ကြရသည်။

ဤသို့ဖြင့် ရင်သွေးငယ် အနာဂတ်ပန်းများ လန်းမည့်နေ့ရက် ရောက်ရှိလာချေပြီ။

ကံတည်ရွာကလေး၌ ဦးပေတင့်+ဒေါ်မြဝင်းတို့၏ ရှင်ပြုနားသအလှူမင်္ဂလာ ကျင်းပရာသို့ ထိုစဉ်က ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကြီးကြပ်ရေးဥက္ကဋ္ဌ လိမ်ပင်ကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒတရားဟောကြွရောက်လာသည်။ ထိုအခါ ရပ်ရေး၊ ရွာရေး၊ သာသနာရေး ဆွေးနွေးကြရင်း ကံတည်တောရ ဆရာတော် ဘဒ္ဒန္တပညာသာမိက ဒေသဖွံ့ဖြိုးရေး၊ သာသနာပြုရေးနှင့်ကလေးများ ပညာသင်ကြားရေး အခက်အခဲဒုက္ခမျိုးစုံကို အလေးထားလျှောက်ထားတင်ပြသည်။

ထိုအခါ လိမ်ပင်ကျောင်းဆရာတော်၏ လမ်းညွှန်မှု၊ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် ၂၀၀၈ခုနှစ်၊ ဇွန် ၁ရက်တွင် ကံတည်ကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ် ဆရာတော် ဘဒ္ဒန္တပညာသာမိ ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူ ၇၈ဦး စတင်ပညာသင်ကြားနိုင်ခဲ့သည်။ အနာဂတ်ပန်းများ လန်းခဲ့ပြီ။

၂၀၁၀ပြည့်နှစ်၊ ဇူလိုင် ၈ရက်တွင် နိုင်ငံတော်အစိုးရ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက 'ကံတည်တောရ ဘုန်းတော်ကြီးသင်ပညာရေး(ပရဟိတ)ကျောင်း'ဟူ၍ တရားဝင်ခွင့်ပြုခဲ့ရာ မန္တလေးတိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိဇယ (စလေဆရာတော်ကြီး)ကိုယ်တိုင် ကြွရောက်ဖွင့်လှစ်တော်မူခဲ့သည်။

ကံတည်တောရ ဘုန်းတော်ကြီးသင်ပညာရေး (ပရဟိတ)ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ၊ ကလေးသူငယ်များ ယဉ်ကျေးလိမ္မာစေရေး၊ ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်စေရေး ရှေးရှု၍ မဟာဗုဒ္ဓဝင်နှင့် (၃၈)ဖြာ မင်္ဂလာတရားတော်များ ပြန့်ပွားရေးသင်တန်းများကို စီစဉ်ဖွင့်လှစ်ခဲ့သည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းခွဲ(၃၃)ကို ပုသိမ်ကြီးမြို့နယ် ကိုယ်စားပြုတည်ထောင်ခဲ့သည်။ ၂၀၁၂-၂၀၁၃ခုနှစ်မှစ၍ ယခုတိုင် နှစ်စဉ်သင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

တစ်ချိန်က ဇနပုဒ်ကျေးရွာကလေးသည် စာသင်ကျောင်းမရှိ၊ အလင်းမရှိ၊ အမှောင်အတိကျရောက်ခဲ့ရာမှ ယခုတော့ဖြင့် KG,G(1),G(2), G(3),G(4),G(5) ဟူ၍ အတန်းများအလိုက် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း တစ်ရာကျော်ခဲ့ပါပြီ။

ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညာသာမိ (မဟာမင်္ဂလဇောတိကဓဇ၊ နယ်စပ်ဒေသနှင့်တောင်တန်းဒေသ ထေရဝါဒသာသနာပြု)ရဟန်းစာဆို ဝိုင်းကြည်ဖြူ(နောင်ချို)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရဟန်းနှစ်ပါး၊ ဆရာတစ်ဦး၊ ဆရာမသုံးဦးတို့က အခြေခံပညာသင်ကြားပို့ချနေကြပါပြီ။

ဝိဇ္ဇာသိပ္ပံဘွဲ့ရ လူငယ်ငါးဦး၊ ကျောက်ဆည်ကွန်ပျူတာတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ နှစ်ဆယ်ကျော်တို့ကိုလည်း အနာဂတ်ပန်းများအဖြစ် ပြုစုပျိုးထောင်မွေးထုတ်နိုင်ခဲ့ပါပြီ။

ယနေ့ ကံတည်ကျောင်းကလေးသည် 'အနာဂတ်ပန်းတို့ လန်းရာမြေ'အဖြစ် နေခြည်မှာ ရွှေရည်လောင်းကာ ကောင်းစွာ တင့်တည်သည်ထက် တင့်တယ်နေဦးမည်သာ ဖြစ်ပေတော့သည်။

**ဝိုင်းကြည်ဖြူ(နောင်ချို)**

## သရက်-အောင်လံ မော်တော်ဆိပ်ကမ်းရှိ ရေယာဉ်များပေါ်တွင် အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ကြရန် အသိပညာပေးလုပ်ငန်း ဆောင်ရွက်

**အောင်လံ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သရက်-အောင်လံ မော်တော်ဆိပ်ကမ်းရှိ ရေယာဉ်များအပေါ်တွင် အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ခြင်း အသိပညာပေးဆောင်ရွက်နေမှုကို ယနေ့နံနက် ၁၀နာရီက မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းဆောင်ရွက်မှုတွင် မော်တော်ဆိပ်ကမ်းရှိ ရေယာဉ်မောင်းသူများအနေဖြင့် ပြည်သူများ၏ အသက်အန္တရာယ်ကိုကာကွယ်ရန် အသက်ကယ်အင်္ကျီများကို မော်တော်ရေယာဉ်များပေါ်တွင် စနစ်တကျထားရှိခြင်း၊ စုတ်ပြဲမှုရှိ၊မရှိ စစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက မော်တော်ရေယာဉ်များပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ (ယာပုံ)

မျိုးသိန်း(ပြန်/ဆက်)



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၄

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့သဖြင့် မြစ်ကြီးနားမြို့၌ ဇွန် ၃၀ ရက်ကစ၍ စံချိန်တင် မြစ်ရေကြီးမြင့်မှု ဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့် ပြည်သူများအား ရေဘေးရှောင်စခန်းများ ဖွင့်လှစ်၍ ကူညီကယ်ဆယ် ထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါရေဘေးသင့် ပြည်သူများအား ပြန်လည်ထူထောင်ရေးနှင့် အားပေးထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

### တက်ရောက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် နယ်မြေ (၉) အတွင်း ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် မဟာအောင်မြေရွှေဘိုကျောင်းတိုက်သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထောက်ပံ့လှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ရေဘေးသင့်ပြည်သူများအား မြစ်ကြီးနားမြို့တွင် ဇွန် ၃၀ ရက်က စံချိန်တင် မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးသင့်မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ထောက်ပံ့ပေးအပ်မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေပြန်ကျဆင်းနေပြီ ဖြစ်သည့်အတွက် မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လိုအပ်ချက်များကို မိမိတို့အနေဖြင့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

### ထောက်ပံ့လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဆိုပါ ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၈၇ စု၊ လူဦးရေ ၁၀၀၀ ကျော်တို့အတွက် ဆန်အိတ် ၁၀ အိတ်ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ခေါက်ဆွဲခြောက် ၃၅ ဖာ၊ ငါးသေတ္တာ သုံးဖာနှင့် ကုလားပဲ တစ်အိတ်တို့ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးက မိသားစုများအတွက် ထမင်းဘူးများကိုလည်းကောင်း ထောက်ပံ့လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူးများ ထောက်ပံ့လှူဒါန်းစဉ်။

ဆက်လက်၍ စခန်းနေ အိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက လတ်တလောနေထိုင်စားသောက်ရာတွင် လိုအပ်ချက်များနှင့် အခက်အခဲများ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကိုကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရမ်ပူရပ်ကွက် နယ်မြေ (၇)အတွင်းရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ရေဘေးရှောင် ပြည်သူများနှင့် တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဆန်အိတ် ငါးအိတ်၊ ခေါက်ဆွဲခြောက်ဖာ ၂၀၊ ငါးသေတ္တာနှစ်ဖာနှင့် ကုလားပဲတစ်အိတ်တို့ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးမိသားစုက အလှူအဖြစ် ထမင်းဟင်း တစ်နပ်စာကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး မိသားစုများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို အားပေးကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများနှင့်အတူ မြစ်ကြီးနားမြို့ စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ပြုလုပ်သည့် ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူရှင်များက ငွေကြေးနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက မြစ်ကြီးနားမြို့ စံချိန်တင် မြစ်ရေကြီးမြင့်ခဲ့သည့်ဖြစ်စဉ်အပေါ် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများက စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းလက်တွဲ၍ ဆောင်ရွက် နေကြသည့်အတွက် ထိခိုက်မှုမရှိအောင် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သဘာဝဘေးဖြစ်ပေါ်ပြီး နောက်ဆက်တွဲ ဖြစ်ရပ်/ဖြစ်စဉ်များဖြစ်သည့် ကျန်းမာရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိန်းချုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဝမ်းမြောက်စကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ရေဘေးသင့် ပြည်သူများအတွက် မြစ်ကြီးနား ယူနန်ဘုံကျောင်းနှင့် ထိန်ချုံးဟုန်ရှင် ကုမ္ပဏီတို့က ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီထံ ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀၊ ဆန်အိတ် ၄၀၀၊ ဆီ ၁၀ ပိဿာဘူး ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၃၀၀ နှင့် ရေသန့်ဘူးများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ မြစ်ကြီးနား ယူနန်ဘုံကျောင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

သတင်းစဉ်

## မြန်မာ့လက်ရွေးစင် ယူ-၁၂ ကစားသမား ရွေးချယ်ပွဲများ မကြာမီ စတင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းဖွဲ့စည်း၍ နိုင်ငံတကာလူငယ် ဖိတ်ခေါ်ပြိုင်ပွဲများ၊ လူငယ်ဘောလုံးပွဲတော်များသို့ စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကစားသမားရွေးချယ်ရေး အစီအစဉ်များသို့ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း မွေးဖွားသူများ လာရောက်ရွေးချယ်ခြင်းခံယူနိုင်မည်ဖြစ်ပြီး မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)တို့တွင် ကျောင်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းနှင့် မွေးစာရင်းတို့နှင့်တကွ လာရောက်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ (အသက်မှန်ကန်မှုအတွက် စနစ်တကျစစ်ဆေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆေးအဖွဲ့၏ စစ်ဆေးအတည်ပြုချက်ဖြင့်သာ ဆုံးဖြတ်မည်ဖြစ်သည်။)

ကစားသမားရွေးချယ်ပွဲများကို ဇူလိုင်လ ၆၊ ၇၊ ၈ ရက်တွင် မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)၊ ဇူလိုင် ၁၂၊ ၁၃၊ ၁၄ ရက်တွင် အမျိုးသားဘောလုံးအကယ်ဒမီ(မန္တလေး)တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀-၀




**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**